
စိတ်ကူးချိုချိုအနုပညာ

# အမရပူရဒေသ၊ အမရပူရခေတ်၊ အမရပူရလွှတ်တော်နှင့် အခြားသုတေသနဆောင်းပါးများ

ကိုပညာ(အမရပူရ)



mgyoe.com

mgyoe.com

ဆရာတော်
ကိုပညာ(အမရပူရ)၏
ဟံသာဝတီသတင်းစာပါ
ဆောင်းပါးများနှင့်
နောက်ပိုင်းမဂ္ဂဇင်း၊ ဂျာနယ်များပါ
မစုစည်းရသေးသော
ဆောင်းပါးများကို
လက်လှမ်းမီသ၍
စုစည်းလိုက်ခြင်းဖြစ်ပါသည်။
အမရပူရဆောင်းပါးအချို့ကို
ရှေ့တင်လျက် ယခုအမည်ကို
ပေးပါသည်။
ကဗျာလက်ရာနှစ်ပုဒ်ကိုလည်း
အမှတ်တရ ထည့်သွင်း
ဖော်ပြပါသည်။

**အမရပူရဒေသ၊ အမရပူရခေတ်၊**
**အမရပူရလွှတ်တော်နှင့်**
**အခြားသုတေသနဆောင်းပါးများ**

**ကိုပညာ(အမရပူရ)**

his0015
2,000.00 KS

mgyoe.com

mgyoe.com

အမရပူရဒေသ၊အမရပူရခေတ်၊အမရပူရလွှတ်တော်နှင့်အခြားသုတေသနဆောင်းပါးများ။ ကိုပညာ(အမရပူရ)
စာမျက်နှာ ၁၆၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အမရပူရဒေသ
# အမရပူရခေတ်
# အမရပူရလွှတ်တော်နှင့်
## အခြားသုတေသနဆောင်းပါးများ

ကိုပညာ(အမရပူရ)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကိုပညာ (အမရပူရ)
## (၁၉၃၃– ၂၀၁၆)

အမရပူရမြို့၊ တောင်ကြီးရပ်ကွက်၊ အရှေ့ဆင်တိုင်ရပ်၌ ၁၉၃၃၊ ဇန်နဝါရီ ၅ တွင် ဖွားမြင်ခဲ့သည်။ ခမည်းတော် ဦးသိန်းဖေ၊ မယ်တော် ဒေါ်အေးရွှေ ဖြစ်၍ မွေးချင်း ငါးဦးအနက် အကြီးဆုံးဖြစ်သည်။ ငယ်မည်မှာ မောင်မြသောင်း ဖြစ်သည်။

ခြောက်နှစ်သားအရွယ်မှစ၍ တောင်လေးလုံးကျောင်း၌ ပညာဆည်းပူးခဲ့ပြီး ကိုးနှစ်အရွယ်တွင် အရှင်ပညာဇောတဘွဲ့မည်ဖြင့် ရှင်သာမဏေပြုခဲ့သည်။ သကျသီဟအလင်္ကာရ စာမေးပွဲကို ပထမဆင့်ဖြင့် အောင်မြင်ခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ထံ၌ ပရိယတ္တိစာပေများ ဆက်လက်သင်ယူပြီး ၁၉၅၀ ပြည့်နှစ်တွင် သာမဏေစာမေးပွဲကို အဆင့် ၁၀ ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၅၁ တွင် ရဟန်းဘောင်သို့ တက်လှမ်းခဲ့ပြီး ၁၉၆၂ တွင် ဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူးနှင့် အောင်မြင်ခဲ့၍ သာသနာ့ဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

၁၉၅၅ တွင် မြဝတီမဂ္ဂဇင်း အမှတ် ၉၉ ၌ ပါရှိခဲ့သော "တောင်သမန်နံ့နက်ခင်းများ" ကဗျာဖြင့် စာပေလောကထဲသို့ ဝင်ရောက်ခဲ့ပြီး မြဖုန်းနိုင်(အမရပူရ)အမည်ဖြင့်လည်း စာများရေးသားခဲ့သည်။

၁၉၅၈–၆၇ ခုနှစ်များအတွင်း ဗိုလ်မှူးဘသောင်း(မောင်သုတ) ခင်မကန်ကျောင်းဆရာတော် အရှင်ဝါသဝ၊ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၊ ဒေါက်တာသန်းထွန်းတို့နှင့်အတူ တိမ်မြုပ်နေသော စာပေနှင့် သမိုင်းဆိုင်ရာများကို ရှာဖွေဖော်ထုတ်၍ လေ့လာခဲ့သည်။

ဆရာတော်ရေးသားပြုစုခဲ့သော "တောင်သမန်ဝန်းကျင် သမိုင်းဝင်နေရာများ"စာအုပ်သည် ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေဆု သုတပေဒသာ(ဝိဇ္ဇာ)ဆုကို ရရှိခဲ့သည်။

၂၀၁၆ ခုနှစ်၊ မေ ၂၁ တွင် အမရပူရမြို့၊ တောင်လေးလုံးကျောင်းတိုက်၌ ပျံလွန်တော်မူခဲ့သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အမရပူရဒေသတစ်ဝိုက် ကျောက်ခေတ်လူသားတို့နေရာ | ၁ |
| ၂။ | အမရပူရခေတ် စာကြည့်တိုက် ပုရပိုက်ကတ်တလောက်တစ်ဆူ | ၆ |
| ၃။ | အမရပူရလွှတ်တော်မှ ဝါကျွတ် ကန်တော့ရန်ဆင့်ဆိုစာများ | ၁၁ |
| ၄။ | မင်းတုန်းမင်းနန်းတက်စ အမရပူရ ဝါထွက်နှုန်း | ၁၇ |
| ၅။ | မြန်မာမင်းများလက်ထက် အမရပူရမြင်းမိုရ်ပွဲ | ၂၁ |
| ၆။ | တောင်သမန် ထန်းရည်ခါး | ၂၇ |
| ၇။ | မိုးဦးတောင်သမန် | ၃၁ |
| ၈။ | ကြည့်သောသူမလွန်ပါ | ၃၂ |
| ၉။ | ဆောင်းညတောင်သမန် | ၃၇ |
| ၁၀။ | ရွှေအိုရောင်စိန်ရတု ပိတောက်တစ်ခက် | ၃၈ |
| ၁၁။ | သမုဒ္ဒရာ ဝမ်းနှစ်ထွာ | ၄၂ |
| ၁၂။ | မြန်မာ့ဒုံးချင်း မြန်မာ့ဒုံးအက | ၄၃ |


mgyoe.com

mgyoe.com


၁၃။ မယ်နုနှင့် မယ်ဘယက်ကုန်း ၄၇

၁၄။ ဦးကြီးတို့သာဝတ္ထိရွာ ၅၄

၁၅။ ကျွန်အလှူခံရသော ဘုရားများ ၅၉

၁၆။ မီးအကြောက်ဆုံး ရှင်ဘုရင် ၆၅

၁၇။ စာအဖတ်ဆုံးရှင်ဘုရင် ၇၁

၁၈။ စစ်အတွင်း ဂန္ဓာရုံ ၈၀

၁၉။ ဘင်္ဂလားသွား စာတမ်းတစ်စောင် ၈၇

၂၀။ ကျော်အောင်စံထား ဆရာတော်၏
တိမ်မြုပ်နေသော ကျမ်းစာတစ်စောင် ၉၃

၂၁။ တရုတ် မြန်မာ ချစ်ကြည်ရေး ရာဇသံစာ ၉၉

၂၂။ ပင်းယဆရာတော်၏ ဝိသုဒ္ဓိဒီပဏီကျမ်း ၁၀၄

၂၃။ သူခိုးကြောင့်တွေ့ရသည့် ဘာသာပြန် မနုရင်းကျမ်း ၁၀၉

၂၄။ ရှေးခေတ်သန်းခေါင်စာရင်း ၁၁၃

၂၅။ စာဆိုတော်ကြီးနှစ်ဦး၏ လွမ်းချင်းနှစ်ပုဒ် ၁၁၇

၂၆။ မောင်ဖေငယ်၏ ဘွဲ့မည်နှင့် တေးထပ်များ ၁၂၂

၂၇။ တိမ်မြုပ်နေသော ကဗျာများနှင့်
တိမ်မြုပ်နေသော ကဗျာဆရာ (၁) ၁၂၈

၂၈။ တိမ်မြုပ်နေသော ကဗျာများနှင့်
တိမ်မြုပ်နေသော ကဗျာဆရာ (၂) ၁၃၄

၂၉။ တိမ်မြုပ်နေသော ကဗျာများ ၁၄၁

၃၀။ မဟာဆွေ ၇၅ နှစ်မှသည် နှစ် ၁၀၀ ပြည့်သို့ ၁၄၆


❐

mgyoe.com

mgyoe.com

## အမရပူရဒေသတစ်ဝိုက် ကျောက်ခေတ်လူသားတို့နေရာ

လွန်ခဲ့သော ၆၇ ခု အောက်တိုဘာလထဲတွင် ရှေးဟောင်းသုတေသနဌာနသို့ ရောက်ခဲ့၏။ ဌာနတွင် ကျောက်တော်ကြီးဘုရားမှ နံရံပန်းချီ၊ ရွှေစာရံဦးကုလားဘုရားမှ နံရံပန်းချီ၊ ရွှေကူသာဘုရားမှ နံရံပန်းချီများ ပြသထားသည်ဟု ကြားသိရသဖြင့် ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုပန်းချီကားများနှင့်အတူ ဟန်လင်းမှ တူးဖော်ရရှိထားသည့် ပစ္စည်းများကိုပါ ပြသထားသည်ကို တွေ့ရသည်။ လူရိုးနှင့် အိုးခွက်စသော ပျူခေတ်သုံးပစ္စည်းများကို ကြည့်ရှုရ၏။ တစ်နေရာတွင် မြင်ဖူးတွေ့ဖူးသော ပစ္စည်းကလေး ၂ ခုကို ဟန်လင်းပစ္စည်းများထဲမှာ တွေ့မြင်ရသည်၊ ထိုပစ္စည်း ၂ ခုမှာ 'မိုးကြိုးသွား' ဟု ခေါ်သော ကျောက်ခဲကလေးများ ဖြစ်လေသည်။ 'ဟင် မိုးကြိုးသွားလေး' ဟု ပါးစပ်မှ ထွက်သွားမိသည်။

ထိုအချိန်တွင် အမှုထမ်းတစ်ဦး အနားသို့ရောက်လာ၏။ ဤကျောက်ခဲကလေးများသည် မိုးကြိုးသွားများမဟုတ်၊ ကျောက်ခေတ်လူသားများ သုံးစွဲကိုင်ဆောင်ခဲ့သော ကျောက်လက်နက်များ ဖြစ်သည်

mgyoe.com

mgyoe.com


ဟု ရှင်းပြသည်။ စာရေးသူက တောင်သမန်အင်းအနီးတွင် ဤကျောက်လက်နက်များ မကြာခဏတွေ့ရကြောင်း ပြန်ပြောပြ၏။ သူသည် ဝမ်းမြောက်သည့်အမူအရာနှင့် ထိုပစ္စည်းများတွေ့လျှင် တွေ့သည့်နေရာ ပါမှတ်သား၍ ရှေးဟောင်းဌာနသို့ အကြောင်းကြားပါရန် ကျောက်လက်နက်များကိုလည်း လှူဒါန်းပါရန် မေတ္တာရပ်ခံလိုက်သည်။

ထိုအမှုထမ်း ပြောပြလိုက်သဖြင့် ကျောက်လက်နက်အကြောင်းကို သိချင်လာသည်။ ထို့ကြောင့် ကျောက်လက်နက်နှင့်ပတ်သက်သော စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုရတော့သည်။

မြန်မာစွယ်စုံကျမ်းထဲတွင် မြန်မာ့ကျောက်လက်နက်အကြောင်း တစ်စိတ်တစ်ဒေသ ဖတ်ရှုရ၏။ မြန်မာနိုင်ငံ အရပ်ရပ်မှတွေ့ရှိရသော ကျောက်လက်နက်နှင့်ကျောက်ခေတ်လူသုံးပစ္စည်းများကို ကာလကတ္တားပြတိုက်နှင့် လန်ဒန်မြို့ဗြိတိသျှပြတိုက်တွင် တွေ့မြင်နိုင်သည်ဟု သိရသဖြင့်လည်း ကျောက်ခေတ်အကြောင်းကို ပို၍စိတ်ဝင်စားလာသည်။ ကျောက်လက်နက်များ တွေ့တတ်သောနေရာကိုလည်း အထူးဂရုစိုက် ရှာဖွေမိသည်။


လ အနည်းငယ်ကြာသောအခါ ကျောက်လက်နက် ၃–၄ ခုကို တွေ့ရသည်။ ရရှိသည့် ထိုလက်နက်များကို စာအုပ်ထဲတွင်ပါသော ကျောက်လက်နက်ဓာတ်ပုံများနှင့် တိုက်ဆိုင်ကြည့်ရာ တူညီနေသည်ကို တွေ့ရသဖြင့် အားတက်ဝမ်းမြောက်မိသည်။ ထိုမျှနှင့် စိတ်မချနိုင်သေးသဖြင့် သမိုင်းကော်မရှင်မှ ဆရာဦးမောင်မောင်တင်ကို ပြောပြသည်။ ဆရာကလည်း စာအုပ်စာတမ်းပေါင်းစုံမှ အထောက်အထားများကို စုံလင်စွာ ထုတ်နုတ်ညွှန်ပြသည်။ သို့နှင့်ပင် "ကျောက်လက်နက်" ဟူ၍ အသေအချာ ဆုံးဖြတ်ကာ ရှေးဟောင်းသုတေသနဌာနသို့ အကြောင်းကြားသည်။

မကြာ ဦးမောင်မောင်တင်နှင့်အတူ ရှေးဟောင်းဌာနမှ လာကြည့်ကြသည်။ ရရှိထားသည့်ကျောက်လက်နက်နှင့် တွေ့ရှိရာဌာန

mgyoe.com

များကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူကြသည်။

ဆရာ ဦးမောင်မောင်တင်နှင့် ဒေါက်တာ သန်းထွန်းတို့သည် ထိုအချိန်မှစ၍ ကျောက်လက်နက်နေရာကို ဆက်လက်သုတေသနပြု ကြသည်။ သူတို့ သုတေသနပြုကြသဖြင့် ကျောက်လက်နက်များပါ မက အရိုးလက်နက်၊ ဦးချိုလက်နက်များနှင့် ကျောက်ခေတ်ပစ္စည်းများ ကိုပါ တွေ့ရှိရလေသည်။ (မတူးဖော်မီ ထိုအချိန်က ရရှိထားသော ကျောက်လက်နက်အချို့ကို ယခုပုံဆွဲ၍ ဖော်ပြထားသည်။)



မတူးဖော်မီက တွေ့ရှိထားသော ကျောက်လက်နက်များ

ကျောက်ခေတ်ပစ္စည်းများ တွေ့ရှိရာနေရာဌာနမှာ တောင် သမန်အင်း၏အနောက်ဘက် မယ်ဇယ်ပင်တန်းမြောက်ဘက်တွင်ရှိ သော "မြေဝါတောင် ကုန်းကြီး" ဖြစ်လေသည်။

ဤတောင်ကုန်းကြီးကို ငယ်စဉ်ကပင် စိတ်ဝင်စားခဲ့သဖြင့် စုံစမ်းမေးမြန်းထားဖူးသည်။ ရှေ့မီနောက်မီပုဂ္ဂိုလ် ၂ ဦး– ၃ ဦးက ဤနေရာသည် ရှေးက ကျတ်များ နေထိုင်ကြသဖြင့် 'ကျတ်ကုန်း'

mgyoe.com

mgyoe.com

ဟု ခေါ်ကြောင်းပြောပြကြသည်။ 'ကျုတ်ဟူသည် နာနာဘာဝသတ္တဝါများ ဖြစ်သည်။ ညအချိန်တွင် မြို့ ရွာဖန်ဆင်း၍ စည်စည်ကားကား မီးတထိန်ထိန်နှင့် နေတတ်ကြသည်။ နံနက်လင်းလျှင် ဤနေရာသည် ချုံပိတ်ပေါင်းတို့နှင့် ဖြစ်နေသည်ဟုလည်း ပြောကြသည်။

ဤမျှနှင့် မကျေနပ်သေးသဖြင့် ဆက်လက်စုံစမ်းမေးမြန်းရသည်။ နောက်တစ်ဦးကမူ ဤနေရာသည် 'ဘီလူးကြီးငတောင်ကုန်း' ၏ နေရာဖြစ်သည်။ 'ငတောင်သမန်၊ ငတောင်မြင့်၊ ငတောင်ကုန်း၊ ငတောင်ကျည်း' ဟူသော ဘီလူးကြီး ၄ ဦးတို့သည် ဤနေရာယခု ကျောက်တိုင်နေရာတွင် စည်းဝေးတိုင်ပင်တတ်ကြသဖြင့် 'တောင်လေးလုံး' ဟု ခေါ်တွင်ကြောင်း ပြောပြသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးထဲတွင် 'ဘုရားမြတ်စွာ ဒေသစာရီ လှည့်လည်တော်မူသောအခါ ငတောင်သမန် ငတောင်ကျည်း၊ ငတောင်ပြုံး၊ ငတောင်မြင့်ဟူသော ဘီလူးလေးဦးတို့သည် ဘုရားသခင်အား သားပြွမ်းဆွမ်းလှူနှင့်သည်ကို နောက်သောအခါ ထိုဘီလူးလေးဦးတို့ စောင့်ထိန်းသည့်အရပ်တွင် မင်းနေပြည်တော်ကြီးဖြစ်လတ္တံ့ ဗျာဒိတ်ထားခဲ့သည်' ဟု တွေ့ရသည်။

ယခုရာဇဝင်တွင် ပါဝင်သော 'ငတောင်ပြုံး' ကို 'ငတောင်ကုန်း' ဟုဆိုသဖြင့် စဉ်းစားစရာဟု မှတ်သားခဲ့သည်။ ထို့နောက် လက်လှမ်းမီရာ ပေပုရပိုက်များရှာဖွေကြည့်သည် "အမရပူရသမိုင်း' ပုရပိုက်မူ တစ်ဆူထဲတွင် 'ငတောင်ကုန်း' ဟူ၍ တွေ့ရပြန်သည်။ (ထိုပုရပိုက် ဒေါက်တာသိန်းအောင်ထံတွင်ရှိသည်။)

နှစ်တစ်ရာကျော်က ရေးဆွဲခဲ့သည်ဟု ခန့်မှန်းရသော အမရပူရ မြေပုံ (ပုရပိုက်မူ) ထဲတွင်လည်း "တောင်မြင့်၊ တောင်သမန်၊ တောင်ကုန်း၊ တောင်ကျည်း" တို့သည် နီးစပ်နေသည်ကို တွေ့ရသည်။ အင်း၏ အရှေ့ဘက် တောင်မြင့်နှင့် တောင်သမန်သည် ဆက်စပ်နေ၏။ အင်း၏အနောက်ဘက် တောင်ကုန်းနှင့် တောင်ကျည်းသည် ဆက်စပ်

mgyoe.com

နေ၏။ ရာဇဝင်ထဲတွင်ပါဝင်သည့် တောင်ပြုံးသည် အဆက်ပြတ်ဝေးလံလှသည်ကို တွေ့ရသည်။ တစ်ဖန် မြေအနေအထား အမျိုးအစားကလည်း တောင်မြင့်၊ တောင်သမန်၊ တောင်ကုန်း၊ တောင်ကျည်းတို့သည် တူညီနေပေသည်။ ထို့ကြောင့် ဘီလူးကြီး ငတောင်ပြုံးနှင့် ဘီလူးကြီး ငတောင်ကုန်းတို့၏နေရာအနေတို့ကို ပညာရှင်တို့စဉ်းစားသင့်သည်ဟု ထင်ပေသည်။

စာရေးသူ အနေအားဖြင့်မူ ဤနေရာ ဤဌာနများသည် ကျောက်ခေတ်လူသားများနေခဲ့ကြ၍ ထိုသူတို့၏ခေါင်းဆောင်များအမည်ကို တင်စားကာ ငတောင်မြင့်၊ ငတောင်သမန်၊ ငတောင်ကုန်း၊ ငတောင်ကျည်းဟူ၍ နာမည်တွင်ခဲ့သည်ဟု ဆိုချင်သည်။

လူသည် လူ၏အကြောင်း ဇာစ်မြစ်ကိုအတိအကျ သိချင်ကြ၏။ ထိုအခါတွင် လူ၏ဇာစ်မြစ်ကို အသိဆုံးဖြစ်သော မြေကြီးအားထိုးဆွတူးဖော်၍ မေးကြရလေသည်။ လူတို့အားထားရာ ကမ္ဘာမြေကြီးသည် လူတို့သိချင်သည့် အရာအားလုံးကို စိတ်ရှည်လက်ရှည်သည်းခံ၍ ပြောပြနေပေသည်။ ထို့ကြောင့် ကမ္ဘာနှင့် ရင်ပေါင်တန်း၍ လက်လှမ်းနေသော ယနေ့မြန်မာတို့သည် ကမ္ဘာမြေကြီး၏အစိတ်အပိုင်းဖြစ်သော လူသားတို့သိချင်သမျှကို တစ်စိတ်တစ်ဒေသ ပြောပြနေသော အမရပူရမြို့မှ "တောင်ကုန်းကြီး" ကို တူးဖော်မေးမြန်းနေကြပေပြီ။

တောင်ကုန်းကြီးသည် မည်သို့သောအဖြေများ ပေးမည်ကို စောင့်ကြည့်ရန်သာ ရှိပေတော့သည်။

ဟံသာဝတီ၊ ၄–၄–၇၁။

❐

mgyoe.com

# အမရပူရခေတ် စာကြည့်တိုက်
# ပုရပိုက်ကတ်တလောက်တစ်ဆူ

မြန်မာနိုင်ငံတွင် စာကြည့်တိုက်ပေါ်ပေါက်ခဲ့သည်မှာ သထုံပြည်မှ စတင်ခဲ့သည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဟူမူ ပုဂံ အနော်ရထာမင်း သထုံပြည်ကို တိုက်ခိုက်သိမ်းယူခြင်းမှာ ပိဋကတ်တော်များကို အဓိကထား၍ တိုက်ခိုက်ခြင်းဖြစ်သည်ဟူသော အဆိုရှိသောကြောင့် ဖြစ်သည်။

ပိဋကတ်တော်များကို ဆင်အစီး ၃၀ ကျော်တို့ဖြင့် သယ်ယူခဲ့ရသည်ဟူသော အဆိုကိုထောက်လျှင်လည်း ပိဋကတ်တိုက် (စာကြည့်တိုက်) ၏ပမာဏကို မှန်းဆနိုင်လောက်သည်။ သို့သော်လည်း စာကြည့်တိုက် ခေါ်နိုင်လောက်သော သီးသန့်အဆောက်အဦဟူ၍ ခိုင်လုံသော အထောက်အထားများ မတွေ့ရဟုဆိုသည်။

ထိုပိဋကတ်တော်စာပေများကို အနော်ရထာမင်းသည် ပုဂံနေပြည်တော်၌ ဘုံငါးဆင့်ရှိသော အုတ်တိုက်ကိုတည်ဆောက်၍ ပိဋကတ်တိုက် (စာကြည့်တိုက်) အဖြစ် သတ်မှတ်ကာ စနစ်တကျထိန်းသိမ်း

mgyoe.com

mgyoe.com


ထားလေသည်။ ထိုခေတ်စာပေသမား ရဟန်းရှင်လူအများသည် အနော်ရထာမင်း၏ စာကြည့်တိုက်သို့ သွားရောက်လေ့လာကြရသည်။ စာဖုပသမားများ မြင်မြင်ထင်ထင် ကြည့်ရှုနိုင်ရန် ပိဋကတ်တိုက်တော်ကို အလင်းဝင်ပေါက်များ ဖောက်ပေးထားသည်။ ထိုစာကြည့်တိုက်အဆောက်အဦသည် ယနေ့တိုင်ပင် အထင်အရှားရှိနေပေသေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ စာကြည့်တိုက်သည် ပုဂံခေတ်မှ အခြေခံခဲ့သည်ဟု ဆိုကြသည်။

ထို့နောက်တွင် မြန်မာစာပေတိုးတက်၍ စာပေပညာရှင်အများအပြားပေါ်ပေါက်ခဲ့သော်လည်း မြန်မာမင်းအဆက်ဆက်တို့သည် သူတို့တည်ထောင်သော နေပြည်တော်များ၌ ပိဋကတ်တိုက် (စာကြည့်တိုက်) များတည်ထားလေ့မရှိသည်ကို တွေ့ရသည်။

ဘိုးတော်ဘုရားလက်ထက်ရောက်မှသာ စာကြည့်ပိဋကတ်တိုက်ထားသည်ကို တွေ့ရသည်။ ဗဒုံမင်းသည် အမရပူရမြို့ကိုစတင်တည်ထောင်ရာ၌ "ခုနစ်ဌာနကို တစ်ပြိုင်နက်တစ်ချက်တည်း တည်လုပ်စေသည်" (ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး)။ ထိုခုနစ် ဌာနထဲတွင် "ပိဋကတ်တိုက်တော်" စာကြည့်တိုက်ပါရှိလေသည်။ နေရာကား မြို့တော်၏အနောက်မြောက်ထောင့် ဆင်ကြိုး ရွှေဂူဘုရား (ယခုကပ်ကျော်ဘုရား) အနီးတွင်ဖြစ်သည်။

အမရပူရသို့ ၁၇၉၅ ခုနှစ်က ရောက်လာသော Michael Symes ၏ "An account of an Embassy to the Kingdom of Ava" စာအုပ်ထဲတွင် စာမျက်နှာ ၃၈၂ မှ ၃၈၃ ထိ အမရပူရစာကြည့်တိုက်အကြောင်းအသေးစိတ်ရေးထားသည်ကိုကြည့်၍ ခန့်မှန်းနိုင်လောက်သည်။ ထိုစာအုပ်အရ အမရပူရခေတ် စာကြည့်တိုက်လုပ်ငန်းသည် အဆင့်အတန်းမြင့်မားကြောင်း၊ စာပေများ စုံလင်များပြားလှကြောင်း သိရသည်။

စာကြည့် ပိဋကတ်တိုက်သို့ သူတို့သံအဖွဲ့ရောက်သွားသော

mgyoe.com

mgyoe.com


အခါ 'ဝင်ခွင့်အမိန့်စာချွန်မပါ၍ တံခါးဖွင့်မပေး, အပြင်ဘက်မှ စာတိုက်သေတ္တာများကိုသာ ကြည့်ရှုကြရသည်' ဟူသော စကားကို ထောက်သော် စာကြည့်တိုက်မှူးသည် မည်မျှစည်းကမ်းကို ရိုသေကြောင်း သိနိုင်သည်။ တစ်ဖန် 'သေတ္တာတိုင်းရှိ ပေထုပ်တို့ကို စနစ်တကျသိမ်းဆည်းထားပေသည်။ သေတ္တာတစ်လုံးတွင် စာထုပ်ပေါင်း ၅၀ မှ ၁၀၀ ထိ ရှိနိုင်သည်။ အမျိုးမျိုးသော အကြောင်းအရာများကို မာတိကာနှင့်တကွ ဖော်ပြထားသည်။ သမိုင်းကျမ်း၊ တူရိယာဆိုင်ရာကျမ်း၊ ဆေးကျမ်း၊ ပန်းချီကျမ်း၊ ဇာတ်ဝတ္ထုစသည်ဖြင့် ကျမ်းမျိုးစုံတွေ့ရသည်။ ပေထုပ်တို့တွင် တစ်ကျမ်း၊ တစ်စောင်၊ တစ်တွဲ စသည်ဖြင့် ကဏ္ဍခွဲ၍ သေတ္တာပေါ်တွင် နံပါတ်ရေးထားသည်' ဟူသော သံအဖွဲ့၏အရေးအသားကို ထောက်လျှင်လည်း ထိုခေတ်က စာကြည့်တိုက် ကက်တလောက်လုပ်ငန်းသဘောကို တွေ့နိုင်သည်။

ထိုနည်းအရ ကက်တလောက်သဘောပါသော အမရပူရခေတ်သုံး (စာပေစာရင်းဇယား) ပုရပိုက်တစ်ဆူကို ကပ်ကျော်ဘုရားအနီးဘုရားပျက်တစ်ဆူ၏လက်တော်ပေါ်မှ လွန်ခဲ့သော ၁၀ နှစ်ခန့်က ရရှိခဲ့ဖူးသည်။ ထိုပုရပိုက်ထဲမှ စာကြည့်တိုက်ကက်တလောက် လုပ်ငန်းသဘောကို လေ့လာနိုင်ရန် တင်ပြလိုပေသည်။

mgyoe.com

mgyoe.com



## ကဲ–မှတ်သေတ္တာရှိ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဓမ္မခန္ဓာပျို့ | ဂံ | က | ဈုံ | ၅ါ | ၆· | ၆ | မျဉ်းနီကျမ်းနှင့် |
| ကုသပျို့ | ဂုံ | က | ငေါ | ၄ါ | ၉· | ၁ | မျည်းဖြူကျမ်းနက် |
| ဇမ္ဗုပတိပျို့ | ဂံ | က | ဃီ | ၃ါ | ၄· | ၁ | မျဉ်းနီကျမ်းနှင့် |
| ဆေနပြန်တမ်းချင်း | ဂုံ | က | ဂု | ၂ါ | ၃· | ၁ | မျဉ်းနီကျမ်းနှင့် |
| ဩဝါဒဂမ္ဘီရဂန္ထပျို့ | ဂံ | က | ဃု | ၃ါ | ၃· | ၁ | မျဉ်းဖြူကျမ်းနီ |
| မင်္ဂလသုတ်ဂမ္ဘီရဂန္ထပျို့ | ဂံ | က | ဂေ | ၂ါ | ၇· | ၁ | ငှင်းကျမ်းနီ |
| ရာမဂမ္ဘီရဂန္ထပျို့ | ဂံ | က | ဓဲ | ၇ါ | ၈· | ၁ | ငှင်း |
| အာဒါသမုခဂမ္ဘီရဂန္ထပျို့ | ဂံ | က | ဓိ | ၁ါ | ၄· | ၁ | ငှင်း |
| မဟော်ဂမ္ဘီရဂန္ထပျို့ | ဂုံ | က | စါး | ၆ါ | | ၁ | ငှင်းကျမ်းဖြူနှင့် |
| နိက္ခမစာရီဂမ္ဘီရဂန္ထပျို့ | ဂုံ | က | ကူ | | ၆· | ၁ | ငှင်း |
| မင်းလှယဉ်နုဂမ္ဘီရဂန္ထပျို့ | ဂုံ | က | ဂဲ | ၂ါ | ၈· | ၁ | ငှင်း |
| တောင်တွင်းလာကဗျာ | ဂုံ | က | ဂ | ၂ါ | ၁· | ၁ | ငှင်း |
| သီလခန်းလင်္ကာ | ဂံ | က | ကံ | | ၁၁· | ၁ | မျည်းဖြူ |
| အရိန္ဒမပျို့ | ဂုံ | က | ဂါ | ၂ါ | ၂· | ၁ | ငှင်း |
| ဝိပါက်တော်ခန်းပျို့ | ဂံ | က | စဲ | ၅ါ | ၈· | ၁ | ငှင်းကျမ်းနှင့် |
| မဏိစက်ပျို့ | ဂုံ | က | ဈူ | ၅ါ | ၆· | ၁ | မျဉ်းနီကျမ်းနက် |
| ယသောဓရာတမ်းချင်း | ဂုံ | က | ဂေ | ၂ါ | ၇· | ၁ | မျည်းဖြူ |
| ဗုဒ္ဓုပ္ပတ္တိပျို့ | ဂုံ | က | ငူ | ၄ါ | ၆· | ၁ | ငှင်း |
| ဥတိန္နမင်းစောပျို့ | ဂံ | က | ငေါ | ၄ါ | ၉· | ၁ | ငှင်း |
| တောင်ငူရတု | ဂုံ | က | ဂေ | ၂ါ | ၇· | ၁ | ငှင်း |
| တောင်တွင်းလာ | ၁၀ | က | ယော် | ၃ါ | ၁၀· | ၁ | ငှင်းကျမ်းနှင့် |
| ပါရမီအဖြေ စ–ဆုံးမပါ | ဂုံ | စ | ညာ | ၅ါ | | ၁ | မျည်းနီ |
| တရာသက်ဝယ်အဖြေ | ဂုံ | က | ငေါ | ၄ါ | ၉· | ၁ | မျဉ်းဖြူ |
| ရှင်သန်ခိုရတု | ဂုံ | က | ကော် | | ၁၀· | ၁ | ငှင်း |
| ရတုပေါင်း | ဂုံ | ကံ | ခံ | ၁ါ | ၁· | ၁ | ငှင်း |
| ရာမပျို့ | ဂုံ | က | ကော် | | ၁၀· | ၁ | ငှင်း |
| အလောင်းမင်းတရား | | | | | | | |
| လူးတားချင်း | ဂံ | က | ကီ | | ၄· | ၁ | ငှင်း |
| မင်းထိပ်ဦးဧချင်း | ဂုံ | က | ကား | ၁ါ | | ၁ | ငှင်း |
| ကုမ္မာဘယဧချင်း | ဂုံ | က | ကူ | | ၆· | ၁ | ငှင်း |

mgyoe.com

mgyoe.com


စသည်ဖြင့် ပျို့၊ လင်္ကာ၊ ရတု၊ မော်ကွန်း၊ ဓမ္မသတ်၊ သျှတ္တရ ကျမ်းများကို ကေ–မှတ်သေတ္တာ၊ ကူ–မှတ်သေတ္တာဟူ၍ စာရင်းဇယား များနှင့် ဖော်ပြထားသည်။ အားလုံးရေးကူးဖော်ပြရလျှင် စာရှည်မည် စိုးသဖြင့် ချန်ထားခဲ့ရပေသည်။

ထိုကက်တလောက် စာရင်းဇယားကွက်၏အဓိပ္ပာယ်မှာ ဥပမာ "ဓမ္မခန္ဓာပျို့၊ ဂုံ၊ က၊ စူ၊ ၅၊ ဖ်၊ ဖ၊ မျည်းနီကျမ်းနှင့်" ဟု ရေးထားလျှင် ဓမ္မခန္ဓာပျို့သည် ရှစ်ကြောင်းရေးပေဖြစ်သည်။ ကအစ၊ စူအဆုံး၊ ၅ အင်္ဂါနှင့်၊ ပေ ဖ ရွက်၊ မူ ဖ မူ ရှိသည်။ မျည်းနီအမျိုးအစား၊ အပေါ် က ကျမ်းနှင့်အုပ်ထားသည်ဟု ဆိုလိုသည်။

အထက်ပါ စာရင်းထဲတွင်ပါသော "မင်းလှယဉ်နုပျို့" သည် ရှားပါးလှသော ပျို့တစ်ပျို့ဖြစ်သည်။ ရှင်ကရဝိက စပ်ဆိုရေးသား သည်။ မိုင်းခိုင်မင်းကြီး၏ "ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာ" ကျမ်းတွင် ထိုပျို့ထဲမှ ပုဒ်ရေ ၁၁ ပုဒ်မျှသာ ဖော်ပြထားသည်ကို တွေ့ဖူးသည်။ ပုပ္ပားဦး ကျော်ရင်၏ ကဝိဘာရတီ ဒုတိယတွဲတွင် အပိုတစ်ပုဒ်ထပ်တွေ့ဖူး၏။ ယခုအချိန်အထိ မူရင်းကို ရှာဖွေမတွေ့ရသေးပေ။ မြန်မာစာပေတွင် ထိုပျို့နှင့် အလားတူ နာမည်သိလျက်နှင့် ရှာမတွေ့သေးသော စာပေ တို့သည် အများအပြားရှိနေပေသည်။ ထိုမျှရှားပါး၍ တိမ်မြုပ် ပျောက်ကွယ်နေသော အဖိုးတန်စာပေများကို ယခုစာအုပ်နှစ်တွင် ဖော်ထုတ်ပြသနိုင်ကြမည်။ စာအုပ်အဖြစ် ထုတ်ဝေနိုင်ကြမည်ဆိုလျှင် စာပေပညာရှင်အများသည် အတိုင်းမသိ ဝမ်းမြောက်ကြည်နူး၍ အထပ်ထပ်ချီးကျူး ဂုဏ်ပြုကြလိမ့်မည်ဟု ထင်မိပေသည်။

ဟံသာဝတီ၊ ၁၉–၁၁–၇၂။

❐

mgyoe.com

.mgyoe.com

## အမရပူရလွှတ်တော်မှ ဝါကျွတ်ကန်တော့ရန် ဆင့်ဆိုစာများ

ရှေးမြန်မာမင်းများ လက်ထက်တွင် "တစ်နှစ်လျှင် ၃ ကြိမ်ပွဲတက်ကန်တော့ခံသည့်အကြောင်း" သိရသည်။ ထို ၃ ကြိမ်မှာ နှစ်သစ်၊ ဝါဝင်၊ ဝါကျွတ်ကာလတို့၌ ကန်တော့ခံခြင်း ဖြစ်သည်။ ထိုအကြောင်းကို ရွှေနန်းသုံး ဝေါဟာရအဘိဓာန်တွင် 'နှစ်သစ်ကန်တော့ခံမှာ အတာတက်သည့်နောက် ရက်ပေါင်း လေးဆယ်မြောက်၊ သင်္ကြန်ရာဇ ဦးခေါင်းပေါ်ပြီးနောက်မှ ကန်တော့ခံတော်မူမြဲဖြစ်၍ ကဆုန်လဖြစ်စေ၊ နယုန်လဖြစ်စေ အမြဲမရှိ၊ ဝါဝင်ကန်တော့မှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၊ ဝါကျွတ်ကန်တော့မှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အစပြု၍ ၃ ရက်ကန်တော့ခံတော်မူသည်" ဟု တွေ့ရသည်။

နှစ်သစ်နှင့် ဝါဝင်ကန်တော့ပွဲမှာ အနီးအပါးမှ မင်းသားများ၊ လွှတ်ရုံးငါးရပ်ရှိ မှူးမတ်အရာရှိများ၊ သူဌေးသူကြွယ်များနှင့် အဝေးမြို့ဝန်မြို့စားများ တက်ရောက်ကြရသောပွဲဖြစ်သည်။

mgyoe.com

mgyoe.com


နိုင်ငံတော်အစွန်အဖျား မြို့ဝန်အရာရှိ စော်ဘွားမြို့စားတို့ကို ချန်လှန်၍အဝေးမြို့ဝန်၊ စော်ဘွားမြို့စားတို့လာရောက် ကန်တော့ရသော ပွဲဖြစ်သည်။

ထိုသို့လာရောက် ကန်တော့ကြရန်လည်း လွှတ်တော်မှ စာရင်းရန် တားဆက်သွင်း အမိန့်တော်မြွက်ခံ၍ အသီးသီးမှာထားဆင့်ဆိုရသည်။

ထိုနှစ်သစ်ဝါဝင်၊ ဝါကျွတ်ကန်တော့ရန် ဆင့်ဆိုစာများကို လွန်ခဲ့သော နှစ်များက ဆရာဦးမောင်မောင်တင်ထံတွင် အမရပူရဆိုင်ရာ ရှေးဟောင်းစာပေအထောက်အထားများ ရှာဖွေရင်း အမှတ်မထင်တွေ့ရှိရသည်။ "၁၂၀၇ ခု၊ ၁၂၀၈ ခုနှစ်သစ် ဝါဝင်, ဝါကျွတ်ကန်တော့ခံမှု စာလက်ခံ" ဟု ခေါင်းစီးရေးထား၏။

၁၂၀၇ ခု၊ ၁၂၀၈ ခုဟုဆိုလျှင် အမရပူရသာယာဝတီရွှေဘိုမင်းနှင့် ပုဂံမင်းလက်ထက်ဖြစ်ကြောင်း ထင်ရှားသဖြင့် ပို၍စိတ်ဝင်စားလာသည်။ ဆင့်ဆိုစာများမှာ ပုရပိုက်နှင့် အပြည့်ရေးထားသဖြင့် အကုန်ကူးမယူနိုင်ဘဲ အမရပူရဆိုင်ရာ ဝါကျွတ်ကန်တော့ရန် ဆင့်စာများကိုသာ ကူးယူခဲ့တော့သည်။ ထိုစာများထဲမှ ခပ်တိုတိုဆင့် စာအချို့ကို လေ့လာနိုင်ရန် တင်ပြချင်သည်။

## မိုးနဲစော်ဘွားကိုမှာ ဝါကျွတ်ကန်တော့

မင်းသတိုး မင်းရဲရာဇာ၊ မင်းသတိုးမင်းကြီး မဟာမင်းခေါင်၊ မင်းကြီးမဟာသီဟသူ၊ မင်းကြီးမဟာမင်းခေါင်ကျော်စွာ၊ မင်းကြီးမဟာမင်းလှကျော်ခေါင် ကြားလိုက်သည်။ မိုးနဲစော်ဘွားစစ်ကဲတို့ဘုရားအမိန့်တော်မြွက်ကို ဦးထိပ်ထက် ရွက်ဆင်ရသည်အတိုင်း ပြန်ဆိုမှာထားစေ၊ မင်းတုန်းမင်းသား အရှင်အမိန့်တော်ကို ဦးထိပ်ရွက်ရသည်ဖြစ်၍ အမိန့်တော်မှာစာ ပေးအပ်လိုက်သည်။ ရောက်လျှင် စော်ဘွားကို မြို့ရွာမှာ ရာဇဝတ်တော်ရေး ကင်းလွတ် လုံခြုံအောင် စောင့်

mgyoe.com

mgyoe.com


ထိန်း၍ နှစ်စဉ်ဆက်သမြဲ ၁၂၀၇ ခု ဝါကျွတ်ကန်တော့ ရှိခိုးလက်ဆောင်တော်များနှင့် သင့်ရာညီသားအမတ်တို့ကို ရွှေဖဝါးတော်အောက်လာရောက်ဆက်သစေရမည်။

| | | |
|---|---|---|
| လဲချားစော်ဘွား | ၁ | ၎င်းစာနည်း |
| ညောင်ရွှေစော်ဘွား | ၁ | ၎င်း |
| ကလေးစော်ဘွား | ၁ | ၎င်း |
| သိန္နီစော်ဘွား | ၁ | ၎င်း |
| မိုးမိတ်စော်ဘွား | ၁ | ၎င်း |
| မောက်မယ်စော်ဘွား | ၁ | ၎င်း |
| သောင်သွပ်စော်ဘွား | ၁ | ၎င်း |
| သီပေါစော်ဘွား | ၁ | ၎င်း |

## စကားမြို့စားမှာ ဝါကျွတ်ကန်တော့

မင်းသတိုးမင်းရဲရာဇာ မင်းသတိုးမင်းကြီး မဟာမင်းခေါင်၊ မင်းကြီးမဟာသီဟသူ၊ မင်းကြီးမဟာမင်းခေါင်ကျော်စွာ၊ မင်းကြီးမဟာမင်းလှကျော်ခေါင်မှာလိုက်သည်။ စကားမြို့စားအမတ်တို့၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်ဖြစ်၍ အမိန့်တော်မှာ စာပေးအပ်လိုက်သည်။ ရောက်လျှင် မြို့စားကိုယ်မြို့ရွာမှာ ရာဇဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် စောင့်ထိန်း၍ နှစ်စဉ်ဆက်သမြဲ ၁၂၀၇ ခုဝါကျွတ် ကန်တော့ရှိခိုးလက်ဆောင်တော်များနှင့် သင့်ရာညီသားအမတ်တို့ကို ရွှေဖဝါးတော်အောက်လာရောက်ဆက်သစေရမည်။

| | | |
|---|---|---|
| မိုင်းစိတ်မြို့စား | ၁ | ၎င်းစာနည်း |
| ရောက်စောက်မြို့စား | ၁ | ၎င်း |
| ကျိုင်းခန်မြို့စား | ၁ | ၎င်း |
| မိုင်းကိုင်မြို့စား | ၁ | ၎င်း |

mgyoe.com

mgyoe.com


| | | |
|---|---|---|
| မိုင်းပျည်မြို့စား | ၁ | ၎င်း |
| နောင်ပွန်မြို့စား | ၁ | ၎င်း |
| တဘက်မြို့စား | ၁ | ၎င်း |
| မိုင်ပန်မြို့စား | ၁ | ၎င်း |
| ဘော်နင်မြို့စား | ၁ | ၎င်း |
| ဟဲလုံမြို့စား | ၁ | ၎င်း |

## နှစ်စဉ်ဆက်သမြဲ ဝါကျွတ်ကန်တော့

မင်းသတိုးမင်းကြီး မဟာမင်းလှသီဟသူ၊ မင်းသတိုးမင်းကြီး မဟာမင်းခေါင်ကျော်စွာ၊ မင်းသတိုးမင်းကြီးမဟာမင်းထင်၊ မင်းသတိုးမင်းကြီးမင်းလှ မဟာမင်းခေါင်ရာဇာ ကြားလိုက်သည်။ မိုးနဲစော်ဘွားစစ်ကဲတို့၊ သက္ကရာဇ် ၁၂၀၈ ခု သီတင်းကျွတ်လ ဆီမီးမြင်းမိုရ်၊ ဆင်ယဉ်၊ မြင်းယဉ်၊ လှေယဉ်၊ ရွှေဆင်၊ သဘော်၊ တိုက်ကျီ၊ ကျအလှူတော်များကို နှီးဆော်မြဲ နှီးဆော်လုပ်ဆောင်စေမည်၊ ဝါကျွတ်ကန်တော့ရှိခိုး လက်ဆောင်တော်မှာ စော်ဘွား၊ မြို့စား၊ အဝေးမြို့ဝန်တို့ ကိုယ့်မြို့ရွာမှာ စောင့်ထိန်းစေ၍၊ ညီသားအမတ် စစ်ကဲအရာရှိသင့်ရာဆက်သမြဲ ရှိခိုးကန်တော့လက်ဆောင်တော်များနှင့် ရွှေဖဝါးတော်အောက်လာရောက် ဆက်သစေမည်။ မင်းညီမင်းသား မှူးတော်မတ်တော်၊ သူဌေး၊ သူကြွယ်၊ မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီး၊ ဒိုင်းခေါင်း၊ အဝှမ်း၊ အစု၊ အငန်း၊ သွေးသောက်ကြီးတို့ကိုလည်း နှီးဆော်မြဲ နှီးဆော်ကန်တော့ ဆက်သစေမည်။ စာရင်းရန်ထားဆက်သွင်းချက်အတိုင်း သင့်ပြီး သက္ကရာဇ် ၁၂၀၈ ခု တော်သလင်းလဆန်း ၉ ရက်နေ့ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ပြန်ဆိုမှာထားရမည်၊ မဏ္ဍရာမင်း၊ မင်းတုန်းမင်းသား၊ အရှင်များအမိန့်တော်ကို ဦးထိပ်ရွက်ရသည်ဖြစ်၍ အမိန့်တော်မှာစာပေ အပ်လိုက်သည်။ ရောက်လျှင် စော်ဘွားကိုယ်မြို့ ရွာမှာ ရာဇ

mgyoe.com

mgyoe.com


ဝတ်တော်ရေး ကင်းလွတ်လုံခြုံအောင် စောင့်ထိန်း၍ သင့်ရာ ညီသား အမတ်တို့ကို ဆက်သမြဲရှိခိုးကန်တော့ လက်ဆောင်တော်များနှင့် ရွှေဖဝါးတော်အောက် လာရောက်ဆက်သစေရမည်။

| | | |
|---|---|---|
| လဲချားစော်ဘွား | ၁ | ၎င်းစာနည်း |
| ညောင်ရွှေစော်ဘွား | ၁ | ၎င်း |
| ကလေးစော်ဘွား | ၁ | ၎င်း |
| သန္နီစော်ဘွား | ၁ | ၎င်း |
| မိုးမိတ်စော်ဘွား | ၁ | ၎င်း |
| မောက်မယ်စော်ဘွား | ၁ | ၎င်း |
| သောင်သွပ်စော်ဘွား | ၁ | ၎င်း |
| မိုင်းပွန်မြို့စား | ၁ | ၎င်း |
| မိုင်းစိတ်မြို့စား | ၁ | ၎င်း |
| ရောက်စောက်မြို့စား | ၁ | ၎င်း |
| ကျိုင်းခန်းမြို့စား | ၁ | ၎င်း |
| မိုင်းကိုင်းမြို့စား | ၁ | ၎င်း |
| မိုင်းပျည်းမြို့စား | ၁ | ၎င်း |
| စကားမြို့စား | ၁ | ၎င်း |
| နောင်မွန်မြို့စား | ၁ | ၎င်း |
| တဘက်မြို့စား | ၁ | ၎င်း |
| မိုင်းပံမြို့စား | ၁ | ၎င်း |
| ဘော်နင်မြို့စား | ၁ | ၎င်း |
| ဟဲလုံမြို့စား | ၁ | ၎င်း |

ထိုသို့ရပ်ဝေးမှ နယ်စားမြို့စားစော်ဘွားတို့ လာရောက်ကန်တော့စေခြင်းမှာ အကန်တော့ခံချင်ရုံ သက်သက်မဟုတ်၊ တိုင်းစွန်ပြည်စွန်တွင် အမှုထမ်းကြသော လက်အောက်ခံနယ်စားပယ်စားများ၏ သစ္စာခံမှုကိုသိလို၍သာ ကန်တော့ခံခြင်းဖြစ်သည်။

mgyoe.com

mgyoe.com


ထိုဝါကျွတ်ကန်တော့ခံ အခမ်းအနားကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ကျင်းပသည်။ အခမ်းအနားကျင်းပရာ၌ ဝတ်စားဆင်ယင်မှု အဆောင်အယောင်များကို လောကဗျူဟာ အင်ရုံစာတမ်းနှင့် ကန္နီမြို့ စစ်ကဲမင်းထင်ရာဇာ၏ "မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး" စာအုပ်တွင် အကျယ်တဝင့်ရေးထားသည်။

ဟံသာဝတီ၊ ၂၁–၁ဝ–၇၂။

❐

mgyoe.com

mgyoe.com

## မင်းတုန်းမင်းနန်းတက်စ အမရပူရ ဝါထွက်နှုန်း

အမရပူရမြို့နယ် မြန်မာစာအဖွဲ့အတွက် အမရပူရ ပါတီယူနစ်မှ ဦးလေးလွင်က ပုရပိုက်တစ်ခု ရှာဖွေရရှိခဲ့၏။ မြန်မာစာအဖွဲ့သို့ လှူလာရန်ပေးအပ်သဖြင့် ပုရပိုက်ကို လှန်လှောကြည့်မိသည်။

ပုရပိုက်သည် မိုးရေဒဏ်ကြောင့် အဖျားပိုင်းမှာ စုတ်ပြတ်နေပေပြီ။ အချို့အဝက်စာများ ဖတ်၍မရတော့။ သို့သော်လည်း ခုနှစ်သက္ကရာဇ်များကို အဓိကထား၍ ကြိုးစားဖတ်ယူသောအခါ သက္ကရာဇ် ၁၁၄၅ ခု တန်ခူးလဆန်း ၉ ရက် နာခံတော်စမြောင်မှုုပြန် အမိန့်တော်၊ ၁၁၈၂ ခု မဏိပူရ ဆင်တော်သည်များ စာရင်း၊ ၁၁၉၉ ခု မြင်းမှူထမ်းများ စာရင်း၊ ၁၂၁၅ ခုနှစ် ထုတ်ပြန်သည့် အမိန့်တော်အတိုင်း ကောက်ယူရရှိသည့် ဝါဝွမ်းထွက်နှုန်းစာရင်းနှင့် ယနေ့ အမရပူရမြို့တွင် နာမည်မျှပင် မရှိတော့သော ရပ်ကွက်များစာရင်းတို့ကို တွေ့ရသည်။

၁၉၇၂ ခု ဒီဇင်ဘာ ၁၈ ရက်ထုတ် ဟံသာဝတီသတင်းစာ၌လည်း "ဝါတစ်သိန်းကျော် မြင်းမှူဌဝယ်ရ" ဟူသော သတင်းကို ဖတ်ရှု

mgyoe.com

mgyoe.com


လိုက်မိ၏။ တိုက်တိုက်ဆိုင်ဆိုင် ပုရပိုက်ထဲ၌လည်း ၁၂၁၅ ခု မင်းတုန်းမင်းနန်းတက်စ အမရပူရရွှေမြို့တော်အတွက် ဝါထွက်နှုန်းစာရင်းကို တွေ့ရသဖြင့် ပုရပိုက်ကို တစ်ဖန်ပြန်ကိုင်မိတော့သည်။ စိတ်ဝင်တစား ပြန်လည်ဖတ်ရှုမိတော့သည်။

"ဘုရားကျွန်တော် ပထမပွဲးရုံတော်တွင်နေ့ညဥ့်မပြတ်၊ ကြီးကြပ်ထမ်းရွက်သူ၊ ဆိတ်အုပ်ငကုလား ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား" ဟု အစချီကာ "နိုင်ငံတော်အတွင်း ဧရာဝတီမြစ်မြောက်ဘက် ဧရာဝတီမြစ်တောင်ဘက် ဝါဂွမ်းထွက်ရှိသည့် အဝေးအနီးမြို့ကျေးရွာများက လာရောက်သူတို့ကို ထောက်လှမ်းစုံစမ်းရာ ဘုရားရွှေဘုန်းတော်မြတ်နှင့် မိုးလေဖြောင့်မှန်ညီညွတ်သည်ဖြစ်၍ ဧရာဝတီမြစ်မြောက်ဘက် အလုံမြို့နယ်ချောင်းဦး ၁၀ ရွာ၊ ရွှေရင်းမာရတနာ သိဃ်တောင်လက် မြင်းမြေကျေးရွာများ။ စစ်ကိုင်းမြို့နယ် ဧရာဝတီမြစ်တောင်ဘက်၊ အဝမြို့နယ်၊ ငြိမ်းကြီးရွာနယ်၊ မြို့သာဘောင်ကြင်း၊ တရုပ်မြို့၊ မြင်းခြံမြို့၊ တောင်သာမြို့၊ ညောင်အုပ်မြို့၊ ပန်းတလဲမြို့၊ မိတ္ထီလာမြို့၊ ရွှေပြည်ရန်အောင်အနောက်ဘက်" တို့မှ စုစုပေါင်းနိုင်ငံတော်အတွင်း ထွက်သင့်ပွဲး ၇၇၇၀၀၀ တို့ကို ၁၀၀ လျှင် ၇၀ ဈေးနှုန်းနှင့်၊ ကုလား တရုတ်လူမျိုးတို့အဝယ်အယူမရှိ။ ၁၂၁၅ ခုနှစ် ထုတ်ပြန်တော်မူသည့် အမိန့်တော်မြတ်အတိုင်း။ မကွဲမပြား ကျွန်တော်မျိုးက တစ်လုံးတစ်ဝတည်း... နှင့်ရပ်တန်းနေထိုင်ပြီးလျှင် စာရေးတော် အဆောင်တော်မြဲတို့နှင့်အတူတောမြို့ကျေးရွာများမှ အကျိုးတော်ဖြစ် ဝယ်ယူဆက်သပါမည်အကြောင်း ရွှေဖဝါးတော်အောက် ရှိခိုးလျှောက်တင်" ထားပေသည်။

ဝါဂွမ်းထွက်နှုန်းကိုလည်း စာရင်းဇယားနှင့် ပြထားသည်။ ထိုစာရင်းမှာ–

**"နိုင်ငံတော်အတွင်း အရပ်ရပ်တောမြို့ကျေးရွာများက ပွဲးဝါထွက်ရှိသည့်စာရင်းဘုရား"**

mgyoe.com

mgyoe.com


| ရောဝတီမြစ်မြောက်ဘက် | ထွက်သင့်ပွဲး | ၁၀၀နှုန်း | ငွေသင့် |
|---|---|---|---|
| အလုံမြို့နယ်တွင်း | ၅၀၀၀၀၀ | ၇၀ | ၃၅၀၀၀၀ |
| ချောင်းဦး ၁၀ ရွာနယ် | ၂၀၀၀၀၀ | ၇၀ | ၁၄၀၀၀၀ |
| ရွှေရင်းမာနယ် | ၂၀၀၀၀၀ | ၇၀ | ၁၄၀၀၀၀ |
| ရတနာသိမ်တောင်လက် | ၁၂၀၀၀၀ | ၇၀ | ၈၄၀၀၀ |
| စစ်ကိုင်းမြို့နယ် | ၁၀၁၀၀၀၀ | ၇၀ | ၇၀၀၀၀၀ |
| ပေါင်း | ၂၀၂၀၁၀၀ | | ၁၄၁၄၀၀၀ |
| ရောဝတီမြစ်တောင်ဘက် | | | |
| အဝမြို့နယ်တွင်းထွက်သင့် | ၅၁၀၀၀ | ၇၀ | ၃၅၁၀၀၀ |
| ကြိုဟ်မင်းကြီးရွာနယ်တွင် | ၂၀၀၀၀၀ | ၇၀ | ၁၄၀၀၀၀ |
| မြို့သာဘောင်ကြင်းနယ် | ၅၀၀၀၀၀ | ၇၀ | ၃၅၀၀၀၀ |
| တရုပ်မြို့မြင်းချံနယ် | ၇၀၀၀၀၀ | ၇၀ | ၄၉၀၀၀၀ |
| တောင်သာမြို့နယ် | ၃၀၀၀၀၀ | ၇၀ | ၂၁၀၀၀၀ |
| ညောင်ကုပ်မြို့နယ် | ၃၂၀၀၀၀ | ၇၀ | ၂၂၄၀၀၀ |
| ပန်းတလဲမြို့နယ် | ၁၂၀၀၀၀၀ | ၇၀ | ၈၄၀၀၀၀ |
| မိတ္ထီလာမြို့နယ် | ၅၃၀၀၀၀ | ၇၀ | ၃၇၁၀၀၀ |
| ရွှေပြည်ရန်အောင်အနောက်လက် | ၁၅၀၀၀၀၀ | ၇၀ | ၁၀၅၀၀၀၀ |
| ပေါင်း | ၅၇၅၀၀၀၀ | ၇၀ | ၄၀၂၅၀၀၀ |
| ၂ ခုပေါင်း | ၇၇၇၀၀၀၀ | ၇၀ | ၅၄၃၉၀၀၀ |

ဟူ၍ဖြစ်ပေသည်။

ဤစာရင်းကိုကြည့်၍ ၁၂၁၅ ခုနှစ် အမရပူရရွှေမြို့တော်တွင် ကုန်တော်အဖြစ်ကောက်ယူရရှိသည့် စာရင်းနှင့် အချိန် ၁၀၀ လျှင် ၇၀ နှုန်းနှင့် ဘုရင့်ဖြတ်ဈေးတို့ကို သိရသည်။ ထိုအချိန်က အမရပူရတွင် ဝါဂွမ်းကြိတ်စက်ရုံတော်များ မရှိသေးပေ။ ဝါဖတ်၊ ဗိုင်းငင်၊ ရက်ကန်းစင်လုပ်ငန်းတို့ကို လက်မှုပညာ အတတ်ဖြင့်သာ လုပ်နိုင်ကြ

mgyoe.com

mgyoe.com

သေးသည်။ ရက်ကန်းပညာသည်များမှာလည်း များသောအားဖြင့် မဏိပူရမှ ခေါ်ဆောင်လာသည့် ကသည်းလူမျိုးများသာ ဖြစ်လေသည်။

မန္တလေး ရွှေမြို့တော်သို့အရောက်တွင် စက်ရုံအများအပြား တည်ဆောက်ရာ၌ ဝွမ်းကြိတ်စက်ရုံလည်း ပါဝင်လေသည်။ ထိုစက်ရုံမှာ "ရွှေမြို့တော် အနောက်မျက်နှာဂေါဝိန်တံခါးအဝင်၌ ကြီးကျယ်စွာဆောက်လုပ်ထားရှိသည်။ ဝါးဝွမ်းကြိတ်ရုံတော်ကြီးတွင် ငွေတော်ထုတ်ပေး ဝယ်ယူရောက်ရှိသည့် ဝါတော်များနှင့် အရာတော် ယာမြေများမှ ထွက်သည့် ဝါတော်များကို စက်ယန္တရားဖြင့် ဝွမ်းဖြစ်အောင် ကြိတ်လုပ်ရသည်။ စက်ရုံအမှုထမ်း ၅ ဦးတို့အားလည်း တစ်လလျှင် စပါး ၅၅ တင်း ပေးသနားထားတော်မူသည်" ဟု ရွှေနန်းတော် သုံးဝေါဟာရ အဘိဓာန်တွင် ဆိုသည်။

ဤအကြောင်းအရာများကို ထောက်၍ မင်းတုန်းမင်းလက်ထက် အမရပူရ၊ မန္တလေးမြို့ဝါထွက်နှုန်းနှင့် ဝါဝွမ်းလုပ်ငန်းကို ယခုခေတ် ဝါစီမံကိန်းနှင့် ဆင်ခြင်နှိုင်းဆရန် တင်ပြလိုက်ရပေသည်။

ဟံသာဝတီ၊ ၂၁-၁-၇၃။

❒

mgyoe.com

mgyoe.com

## မြန်မာမင်းများလက်ထက် အမရပူရမြင်းမိုရ်ပွဲ

မြင်းမိုရ်ပွဲ ဆင်နွှဲခါကြည်ဖြူလို့ ပြည်သူတွေ သဘင်ခင်းသည့် သီတင်းကျွတ်လသို့ ရောက်ပြန်ပေပြီ၊ ရှေးမြန်မာမင်းများလက်ထက်က ဤသီတင်းကျွတ်လတွင် မြင်းမိုရ်ပွဲ (တာဝတိံသာပွဲ) ကို စည်ကားသိုက်မြိုက်စွာ ခင်းကျင်းကြသည်။ တစ်ခါတစ်ရံတွင် နိုင်ငံအုပ်ချုပ်မင်းလုပ်သူတို့သည် ပြည်သူတွေနှင့်အတူ မြတ်စွာဘုရား တာဝတိံသာမှ ပြန်ကြွတော်မူဟန် မြင်းမိုရ်တောင်သဏ္ဌာန်လုပ်၍ ဆီမီးရေချမ်းပန်းတို့ဖြင့် ပူဇော်ကြသည်။ ချစ်စရာမြန်မာ့ဓလေ့ပွဲသဘင်ကို ရှင်ဘုရင်များ ကိုယ်တိုင် ဦးစီးကျင်းပခဲ့ကြသည်။ ထို့ကြောင့် ဘိုးသူတော်ဦးမင်းက–

*ကြာငါးမည်ကြိုင်သင်းလို့*
*လျှံဝင်းတဲ့ ပြောင်ထိန်၊*
*ရွှေနန်းတောင်တော်ဦးမှာ*
*ကွန့်မြူးမြင်းမိုရ်မီးညီးတဲ့ခါချိန်။*
*ရှိဦးငယ်နှိမ်၊ သုံးကြိမ်ရှိပြောင်း၊*
*သက္ကစွာ ဂါရဝါနှင့်*

mgyoe.com

mgyoe.com


စဉ်အလာပူဇော်ပွဲကို
နွှဲကြပေတောင်း–
ဟူ၍ သီတင်းကျွတ်လဖွဲ့ကို ဆိုခဲ့သည်။

ထိုမြန်မာ့ရိုးရာ အစဉ်အလာပူဇော်ပွဲဖြစ်သည့် မီးမြင်းမိုရ်ပွဲကို ပြည်သူတွေကသာ နှစ်စဉ်နှစ်တိုင်းကျင်းပကြသည်။ ရှင်ဘုရင်များဦးစီးသည့်နှစ်တွင်မူ ပိုမိုကြီးကျယ်စည်ကားသည်။

အမရပူရမြို့တွင် ဘိုးတော်မင်းတရားဦးစီး၍ ၁၁၄၅ ခုနှစ် သီတင်းကျွတ်လဆုတ် ၁ ရက် စနေနေ့မှစ၍ ၃ ရက်တိုင်တိုင် ဆီမီးမြင်းမိုရ်ညှိထွန်းပူဇော်ခဲ့သည်။ မည်မျှကြီးကျယ်ခမ်းနားသည်၊ မည်သို့လှူဒါန်းပူဇော်သည်ဟု မတွေ့ရ။

ဘကြီးတော်လက်ထက် ၁၁၈၁ ခုနှစ် အမရပူရတွင် ၃ ရက်တိုင်တိုင် မြင်းမိုရ်ပွဲကျင်းပခဲ့သည်။ ဘကြီးတော်သည် ၁၁၈၅ ခုနှစ်မှ အင်းဝသို့ ပြောင်းရွှေ့သည်။

ကုန်းဘောင်မင်းလက်ထက်တွင် အမရပူရမြင်းမိုရ်ပွဲကို ဘုရင်ကိုယ်တိုင်ဦးစီး ကျင်းပသည်ဟု ကုန်းဘောင်ဆက်ရာဇဝင်၌ မတွေ့ရ။ သို့သော်လည်း သက္ကရာဇ် ၁၂၀၄ ခု သီတင်းကျွတ်လဆန်း ၁ ရက်နေ့ သွင်း၍၊ ၎င်းလဆန်း ၁၅ ရက်နေ့ နာခံတော် နေမျိုးနန္ဒမိတ် ရွှေတောင်ဆက်သည့် ဆုတောင်းစာ (ပုရပိုက်မူထဲတွင် အမရပူရမီးမြင်းမိုရ်ပွဲကျင်းပကြောင်း တွေ့ရသည်။)

ထိုဆုတောင်းစာမှာ–

"အောင်သူတကာတို့၏ အတိပရမတ္ထ၊ ပဉ္စမဟာပရိစ္စာဂ၊ အာရမ္ဘဟေတု၊ သမန္တ စက္ခုဖြစ်တော်မူသော သဗ္ဗညုတပွင့်လျာ၊ စက္ကဝါနရန်း၊ ထုတ်သန်းရစ်နွှဲး၊ ပျံ့ဝဲမိုးထွတ်၊ တန်ခိုးလွှတ်သော ငွေဝတ်ပွင့်ဝါ လမျက်နှာကဲ့သို့ ခြောက်ဖြာပကတိ စွယ်ရောင်ညီသော၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ပြည်ထောင်ရာမင်း၊ မင်းတည်တစ်ပါး၊ မေ့မှားမှောင့်

mgyoe.com

mgyoe.com

ရောင့်၊ မိစ္ဆာနှောင့်က၊ မကြောင့်မကြ၊ တေဇဝရဖိန်၊ လက်ချိန်ကြိုးတစ်၊ ဘုန်းတော်နှစ်၍၊ ပယ်မြစ်စုပ်စုပ်၊ မြုပ်ကြီးမြုပ်ရသော၊ အမရပူရ ရွှေမြို့တော်ကြီးသခင်၊ မဏိဇောတရတ်၊ မျက်မြတ်ပတ္တမြား၊ ဖွားဖွား မိုးယံ၊ ဖြိုးဖြိုးလျှံသော၊ အထူးထူးသော ရတနာမျိုးများသခင်၊ ဇမ္ဗူ ဒီပါကျွန်း...၊ ဆိပ်မျိုးကမ်းမျိုး၊ ၉ သန်း ၉ သိန်း၊ အကိန်းနည်ှဟ၊ ခွန်ထွက် ရှိသော တိုင်းကြီး–ပြည်ကြီးအပေါင်း ထီးဆောင်းမင်းတကာတို့၏ သခင်၊ ရေမြေသခင်အရှင် ဘဝရှင် မဟာဓမ္မရာဇ်တရားမင်းမြတ် သည်–

ရွှေငွေ–ပတ္တမြား လှိုင် ၃–ပါးတွင်၊ ပတ္တမြား လှိုင်၊ ကြိုင်... ပျံ့ကျူ၊ မဥ္ဇူဂန္ဓမာ၊ ပွင့်ဝတ်ညှာကဲ့သို့၊ သာဘိသေက၊ ပဋိရူပစက်တူ၊ ကောင်းဘက်ယူသော၊ မြတ်သော တောင်မိဖုရားခေါင်ကြီး၊ အဌက၊ ဝါမက၊ စသည်မုနေ့၊ ရသေ့ဟောကျမ်း၊ ကမ်းခပ်ပေ–ဘွယ်၊ မြင်ကျယ် ပဋိဘာန်၊ ပင်ထွက်ညာဏ်နှင့်၊ သတိပဋ္ဌာန်တံခါး၊ လေးပါး ဖြဟ္မစိုရ်၊ မဂ်ဖိုလ်ခရီး၊ လမ်းရိုးမှီးသော သမီးတော် မြက်တကွ၊ အပရိဟာနိယ၊ သင်္ဂဟလေးပါး၊ တရားရာဇခံ၊ မဆိတ်မည်၊ တက်လျှံဖြိုးဖြိုး၊ ကပ်ပြုမိုးသို့၊ ဇွဲဖြိုးသွန်းလောင်း၊ အပေါင်းသတ္တဝါ၊ ဗိုလ် ၄ ဖြာအား၊ ချမ်းသာဇငြိမ့်၊ နှစ်သိမ့်ရွှင်လန်း၊ စေလျက်။

သက္ကရာဇ် ၁၂၀၄ ခု၊ ရတုသရဒ၊ အသာယုဇ္ဇပုဏ္ဏာမိ၊ ဝေသာခိ နက္ခတ်၊ ဥပါဒ်နှိုင်းတမ်း၊ လမ်းမချွေသို့၊ ၁–နွေပြိုဟ်မင်း၊ ကူးဆင်း ပြောင်းဆဲချိန်၊ မယ်တော်နတ်အား၊ တရားနို့ဖိုး၊ ဟောရိုးဘိဓမ္မာ၊ ထုံး စဉ်လာဖြင့်၊ တစ်ဝါလုံးစင်၊ မိုးသဘင်မှ၊ သင်္ကဿသို့၊ သက်ကြွတော် မူသော၊ သန္တုလအခါ၊ ပြည်တွင်းပြည်ပ၊ ငြိမ့်မျှညီးပြောင်၊ မီးတောင် ဗဟို၊ မြင်းမိုရ်မေရု၊ ရွှေနန်းမူတို့ဖြင့် ထွန်းညှိပူဇော်တော်မူ၍၊ ဝါကျွတ် သဘင်ဆင်ယင်တော်မူသည်။

စက်တော်ရာ ဘုရား၊ ရှင်ဖြူဘုရား၊ မဟာဝိဇယရံသီဘုရား၊ စန္ဒာမုနိဘုရား၊ ရွှေကွန်အုပ်ဘုရား၊ ရွှေစကားဘုရား၊ ရွှေစည်းခုံဘုရား၊

mgyoe.com

mgyoe.com


ပြည်ဆံတော်ဘုရား၊ ဒဂုံဆံတော်ရှင်ဘုရား၊ ရွှေမော်ဓောဘုရားမှစ၍ ၃၇ ဆူ၊ ရွှေကူဥဏ္ဏလုံ၊ စည်းခုံမွေဓာတ်၊ ရုပ်ရှင်မြတ်တို့အားလည်း ရွှေဆင်တော်၊ ဆင်ဖြူတော်၊ ဆင်နီတော်၊ မြင်းသည်တော်၊ လှော်ကား လှေတော်၊ သဘော်လှေတော်၊ ရွှေငွေကြေးသံ၊ ဆန်ရေစပါး၊ ဆားငါး ပုဆိုး၊ တိုက်မျိုးကျီမျိုးနှင့်တကွ၊ ထီးဖြူထီးနီ၊ တံခွန်ကုက္ကား၊ မလေး ပွားပန်း၊ ရေချမ်းပူဇော်တော်ပွဲ အထူးထူးသော ဒေယျဓမ္မတို့ဖြင့် လှူဒါန်းတော်မူသည်။

ဤကောင်းမှုကြောင့်၊ ဆုံးစွန်ဘဝ၊ ဆုကြီးရ၍၊ ဝေနေယျတို့ အား၊ နိဗ္ဗာန်တရားဟောကြား ကယ်ချွတ်နိုင်လိုသော ဘဝများစွာ သံသရာလည်း ပါရမီအပြားတရား အထွက်တိုင်လိုသော၊ ဆုတောင်း ပတ္ထနာနှင့်တကွ၊ ဝသုန္ဓြေဤမြေနံတ်အား သစ္စာလေးပါး၊ တရားလေး နက်၊ ဆယ့်ခြောက်ချက်ကို၊လက်ထက်အုပ်ရှစ်၊ ဆုပ်ပစ်သည့်တိုင် တိုင်၊ စေလော့သိလော့ဟူ၍လည်း ရွှေကရားဖြင့် ရေစက်သွန်းချ တိုင် တည်တော်မူသည်။

ဤကောင်းမှုအဖို့ကိုလည်း ရတနာသိင်္ဃ၊ ရတနာပူရ၊ ဧယာ ပူရမြို့တည်ဘေးတော်ဘိုးဖျားမင်းတရား၊ မန္တလေးစက်ရိပ်၊ ထွတ်ထိပ် အမရ၊ ပဌမနေဝန်း၊ ထွန်းကြီးထွန်း၍၊ ကျွန်းကျွန်းစိုးအုပ်၊ ရွှေဘုန်း ချုပ်သော ဘိုးတော်မင်းခေါင်ဖျားမင်းတရား။

အတိုင်းမသိ၊ ကျေးဇူးရှိသော ဘွားတော်မယ်တော်၊ ခမည်းတော် ဒေဝရာဇ်၊ ဆွေတော်မျိုးချစ် ခြောက်ရွာဖြစ်တို့အား အမျှဝေတော်မူ သည်။

ရွှေနန်းဦး ရာဇပလ္လင် ထီးချက်တော်စောင့်နတ်၊ တိုင်းစောင့် ပြည်စောင့် ကိုယ်တော်စောင့်နတ်၊ မြေစောင့် ရေစောင့်ကောင်းကင် စောင့်နတ်တို့မှစ၍ ၃၁ ဘုံသော ဝေနေယျတို့အားလည်း အမျှဝေတော် မူသည်။ သာဓုသာဓုအနုမောဒန တလဲလဲခေါ်ရဲသည် ဖြစ်စေသော်ဝ်"

ဟူ၍ ရေးထားသည်။

mgyoe.com

mgyoe.com


ထိုဆုတောင်းစာထဲမှ "တစ်ဝါလုံးစင်၊ မိုးသဘင်မှ သက်သာသို့၊ သက်ကြွတော်မူသော သန္တုလအခါ ပြည်တွင်းပြည်ပ၊ ငြိမ့်မျှညီးပြောင်၊ မီးတောင်ဇဟို၊ မြင်းမိုရ်မေရု၊ ရွှေနန်းမှုတို့ဖြင့် ထွန်းညှိပူဇော်တော်မူ၍ ဝါကျွတ်သဘင် ဆင်ယင်တော်မူသည်" ဟူသော စာပိုဒ်ကို ထောက်ရလျှင် မြင်းမိုရ်တောင်သဏ္ဍာန်ပြုလုပ်၍ ထီးမှုနန်းရာတို့ဖြင့် မီးထွန်းပူဇော်ကြောင်း၊ မီးမြင်းမိုရ်ပွဲဆင်နွှဲကြောင်း အထင်အရှားသိရပေသည်။

ဤမီးမြင်းမိုရ်ပွဲများအကြောင်းကို ဘိုးတော် ဘကြီးတော်စသော မင်းများလက်ထက်၌ စည်စည်ကားကား မည်သို့မည်ပုံကျင်းပကြောင်း ပီပီပြင်ပြင်ရေးသားထားသည်ကို မတွေ့ရ၊ သီပေါမင်းလက်ထက်မှသာလျှင် မီးမြင်းမိုရ်ပွဲအကြောင်း ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ရေးသားထားသည်ကို ကုန်းဘောင်ဆက် မဟာရာဇဝင်ထဲတွင် ဖတ်ရှုရသည်။ ရွှေရိုးအမည်ခံ ဆာဂျိမ်းဂျော့စကော့ကလည်း သူ၏ "ဗမာ" စာအုပ်ထဲတွင် နှစ်တစ်ရာခန့်က မြန်မာလူမျိုးတို့၏ မီးမြင်းမိုရ်ပွဲအကြောင်း သူ့အမြင်အတိုင်း အသေးစိတ်ရေးသားထားသည်ကို တွေ့ရသည်။

ယခုအချိန်အခါတွင် မီးမြင်းမိုရ်ပွဲဟု မခေါ်ကြတော့ဘဲ သီတင်းကျွတ်မီးထွန်းပွဲဟုသာ အခေါ်များကြသည်။ ရှေးအခါကကဲ့သို့လည်း သစ်ဝါးတို့ဖြင့် မြင်းမိုရ်တောင်သဏ္ဍာန်လည်း မရှိသလောက်ပင် အလုပ်နည်းသွားကြပေပြီ။ ဘုရားမီးပူဇော်ရာ၌လည်း လျှပ်စစ်မီးများဖြင့်သာ များသောအားဖြင့် အလှထွန်း၍ပူဇော်ကြတော့သည်။ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာသဖြင့် မြန်မာ့ရိုးရာ အစဉ်အလာလည်း တစ်မျိုးတိုးတက်လာသည်ဟု အောက်မေ့ရသည်။

ယဉ်ကျေးမှု အစဉ်အလာဖြစ်သည့် အာစရိယပူဇော်ပွဲ သက်ကြီးရွယ်အိုလူကြီးသူမတို့အား ပူဇော်ကန်တော့ပွဲစသော ဓလေ့ကောင်းကလေးများကတော့မူ ယနေ့အထိရှိနေပေသေးသည်။ ထိုအစဉ်အလာ

mgyoe.com

mgyoe.com


ကောင်းများကို ဆက်လက်ထိန်းသိမ်းကြသေးသည်မှာ ဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။

မြန်မာ့ရိုးရာဓလေ့ပွဲသဘင်များတွင် သရုပ်ပျက်အတွေးအခေါ်အပြုအမူများ ဝင်ရောက်နှောင့်ယှက်စပြုနေသည်များကို များသောအားဖြင့် တွေ့နေရသည်။ ထိုသရုပ်ပျက်ဓလေ့ဆိုးများကို ဤဝါကျွတ်ကန်တော့ပွဲ ဓလေ့ကောင်းဖြင့် စံပြ၍ တွန်းလှန်တားဆီးသင့်လှပေသည်။

ဟံသာဝတီ၊ ၃–၁၀–၇၁။

mgyoe.com

mgyoe.com

# တောင်သမန် ထန်းရည်ခါး

ထန်းရည်ဦး ပေါ်စအခါဖြစ်သည်။

ထန်းဟုဆိုလိုက်လျှင် နီးစပ်နိုးနွယ်ရာ တောင်သမန်ထန်းတောကိုသာ မြင်မိသည်။ တောင်သမန်ထန်းရည်သည် နာမည်ကျော်ကြီးကား မဟုတ်၊ သို့သော်လည်း သောက်သူတော့ များသည်။

"ထန်းမြစ်ကို တောင်သမန်၊ နရကန် ချဉ်ပေါင်၊ မောင်းထောင်ကိုယပ်၊ ပျပ်ကိုစကု" ဟူသော ဝက်မစွက် ဝန်ထောက်မင်း နေ့စဉ်မှတ်တမ်းစာကိုထောက်သော် တောင်သမန်သည် ထန်းပင်မြစ်သာနာမည်ကြီး၍ ထန်းရည်တော့အသင့်အတင့်ဖြစ်ကြောင်း ထင်ရှားသည်။

တောင်သမန် ထန်းရည်ချိုသည် ထန်းလျက်ချက်၍မရ၊ အရည်ကျဲသည်၊ ထန်းရည်ခါးကတော့မူ နံနက်ပင်ကျရည်က ပို၍သောက်ကောင်းသည်၊ သန့်ရှင်းသည်၊ ပျားကောင် ယင်ကောင်စသောပိုးကောင်များမပါ၊ ထို့ကြောင့် နံနက်ရည်ကို အကြိုက်များကြသည်။ အချို့မျိုးကောင်းသော အပင်မှဆိုလျှင် ဘိလပ်ရည်လို ခပ်ရှရှ အရသာရှိသည်ဟု ဆိုသည်။ နံနက် ပင်ကျရည်ကို ဈေးတင်၍ မရောင်းလိုကြ

mgyoe.com

mgyoe.com


သဖြင့် နေ့လယ်ရည်ကို နံနက်ရည်နှင့် ရောထားကြရသည်။ ထန်းရည်တစ်အိုးလျှင် တစ်ကျပ်တန်ရှိသည်။ ငါးမူးတန်ရှိသည်။ ထန်းရည်တစ်အိုးကို "တစ်မြူ" ဟုခေါ်ကြသည်။

တောင်သမန်ထန်းတောသည် ကြီးကြီးမားမားမဟုတ်။ ထန်းပင် ၃၀၀၀ ခန့်သာရှိသည်။ ထန်းရည်ထွက်သော ထန်းပင်လည်း နည်းသည်။ ထန်းတဲပေါင်း ၁၅ တဲရှိ၏။ တစ်တဲလျှင် ထန်းတက်သမား ၂ ယောက်ထားသည်။ တစ်ယောက်လျှင် တစ်နေ့ထန်းပင် ၂၀ ကန်နိုင်သည်။ (ထန်းတက်သည်ကို "ထန်းကန်သည်" ဟု ခေါ်၏)။ ဤနှုန်းအတိုင်း တွက်ဆရလျှင် ထန်းပင် ၃၀၀၀ ခန့်ထဲမှ ထန်း ၆၀၀ ခန့်သာ ထန်းလုပ်ငန်း လုပ်နိုင်သည်ကို တွေ့ရသည်။ ထန်းတက်သမားတစ်ဦးလျှင် တစ်နေ့ ၄ ကျပ်နှုန်းပေးရ၏။ ထန်းခွန်ကို ၂၀၀၀ ကျော်ပေး၍ လေလံဆွဲရသည်။ တောင်သမန်ထန်းရည်ထွက်နှုန်းသည် တစ်နေ့လျှင် ဂါလန် ၄၅၀ ခန့်ရှိ၏၊ ထန်းရည်ချိုသည်ပေါင်း ၁၀၀ ကျော်ရှိသည်။ ခေါင်းရွက်ထန်းရည်ချိုသည်တို့သည် နံနက်ပိုင်းတွင် အမရပူရမြို့ဘက်သို့ လှည့်၍ရောင်းကြ၏။ တစ်ဦးလျှင် ထန်းရည်ခါး ၃ ပုလင်းယူခွင့်ရ၏။ တစ်ပုလင်း ၂၅ ပြားပေးရ၍ရောင်းလျှင် ၅၀ ပြားနှင့် ရောင်းကြသည်။ ၃ ပုလင်းထက်ပိုလျှင် တောင်သမန်တံတားဦးမှ ဆီး၍ သိမ်းသည်။ နံနက်ခင်း ထန်းရည်ရောင်းခငွေသည် သူတို့အတွက် ၃ ကျပ်ခန့်ကျန်သည်ဟု သိရသည်။

ညနေချိန်ရောက်ပြီဆိုလျှင် တစ်နေကုန်အလုပ်လုပ်၍ ပင်ပန်းနေသော ရက်ကန်းလုပ်သားတို့သည် တောင်သမန်ဘက်ကူး၍ ထန်းရည်သောက် အပန်းဖြေကြသည်။ အချို့မိုးချုပ်မှ ပြန်ကြသည်။ နွေခေါင်ခေါင်ရောက်ပြီဆိုလျှင် အချို့အမူးသမားတို့သည် တောင်သမန်တံတားပေါ်တွင် တစ်ရေးအိပ်၍ သန်းခေါင်ကျော်မှ ပြန်ကြသည်၊ မကြာမကြာလည်း ထန်းရည်မူးသမားတို့ တံတားပေါ်မှ လိမ့်ကျတတ်ကြ၏။

mgyoe.com

mgyoe.com


အမှုးသမားအချို့သည် လိမ့်ကျမှာ ကြောက်သဖြင့် တံတားပေါ်တွင် လေးဖက်တွား၍ လျှောက်ကြသည်။ ဤအချိန်တွင် "မူးလျှင်ဘာမှမသိ" ဟူသော အမူးသမားတို့၏ လက်သုံးစကားကို သူတို့မသုံးနိုင်ကြတော့။

တောင်သမန် ထန်းတော၏သမိုင်းကြောင်းကို လက်လှမ်းမီသမျှလိုက်ရမည်ဆိုလျှင် ၁၇၉၅ ခုနှစ် "ဆိုင်း" မစ်ရှင်အဖွဲ့လာကြစဉ်က တောင်သမန်သို့ သူတို့ရောက်သောအခါတွင် ထန်းပင်၊ အုန်းပင်၊ သရက်ပင်များ ပေါများကြောင်း ("AN ACCOUNT OF AN EMBASSY TO THE KINGDOM OF AVA MICHAEL SYMES 1795") စာအုပ်တွင် ရေးထားသည်ကို ဖတ်ရှုရသည်။

ယခု အုန်းပင်နှင့် သရက်ပင်များ အနည်းငယ်သာ ရှိတော့သည်။ ထိုအချိန်မတိုင်မီကပင် တောင်သမန် ထန်းရည်ပေါ်ခဲ့မည်ဟု ခန့်မှန်းရသည်။

တစ်ဖန် ပုဂံမင်းလက်ထက် ၁၂၁၁ ခုမှာတည်သော အမရပူရ ကျောက်တော်ကြီးဘုရား နံရံပန်းချီတွင်လည်း ထန်းပင်များ အများအပြားရေးဆွဲထားသည်ကို တွေ့ရသည်။ ထိုပန်းချီဆရာသည် မြန်မာ့ရိုးရာပန်းချီရေးဆွဲနည်းစနစ်မှ တိုးထွက်၍ အရှိကို အရှိအတိုင်းရေးဆွဲသော ပန်းချီဆရာဖြစ်သည်။ ထိုအချိန်က သူမြင်ရသော မြင်ကွင်းကို တောင်ဘက်မုခ်နံရံတွင် ထင်ဟပ်ရေးဆွဲခဲ့သည်။ ထိုပန်းချီပုံမှာ "ထန်းတောထဲတွင် အမျိုးသမီးတစ်ဦးအား ထန်းရည်မူးသမားက ထန်းတောထဲတွင် လက်ဆွဲနေပုံ" ဖြစ်သည်။ ဤပန်းချီကိုထောက်လျှင်လည်း တောင်သမန်တွင် ထိုအချိန်က ထန်းလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်နေပြီဖြစ်ကြောင်း သိသာသည်။

ပုဂံမင်းတရားကြီးသည် တိုင်းရေးပြည်မှုကို လျစ်လျူရှု၍ ဤတောင်သမန် ထန်းတောထဲတွင် ထန်းရည်မူးခဲ့မည်ဟု တွေးဆနိုင်သည်။ တောင်သမန်လယ်စားမောင်ဖေငယ်သည် သူ၏ရောင်းရင်း

mgyoe.com

mgyoe.com


ရနောင်မောင်တုတ်နှင့်အတူ ဤတောင်သမန် ထန်းရည်ကိုသောက်၍ အကောင်းဆုံး တေးထပ်ကို ရေးစပ်ခဲ့မည်ဟုလည်း ခန့်မှန်းရသည်။ ဘေးပတ်ပတ်လည်တွင် ထန်းပင်များ ဝန်းရံနေသော တောင်သမန် သံတဲတွင် တည်းခိုသွားကြသည့် အင်္ဂလိပ်သံအရာရှိတို့သည်လည်း (HENRY YULE "NARRATIVE OF THE MISSION TO THE COURT OF AVA" IN 1855) တောင်သမန်ထန်းရည်နှင့် ကင်းခဲ့ကြလိမ့်မည် မဟုတ်ပေ။

ဟံသာဝတီ၊ ၉-၄-၇၂။

❒

mgyoe.com

mgyoe.com

# မိုးဦးတောင်သမန်

လျှပ်နွယ်
ဝင့် ...
စိန်စက်
မိုးပွင့်
လေနှင့်
လွင့် ...
မုတ်သုံတံခါး
ဖွင့် ...
ရေချိုးပြီးစ
အပျိုမဟန် ...
တောင်သမန်
ရှင်ပြန်
ထမြောက်ပြန်လေပြီ။

ကနုပျာ၊ စက်တင်ဘာ၊ ၁၉၉၁။



mgyoe.com

mgyoe.com

# ကြည့်သောသူမလွန်ပါ

မိုးဦးသစ်ကာလမို့ သဘာဝရာသီဥတုက စိမ်းလန်းစိုပြည်လာသည်။ ဤအခါရောက်ပြီဆိုလျှင်လည်း တောင်သမန်အင်းအပြင်သို့ ဧရာဝတီရေအလျှဉ်ကဝင်စမြဲပင် ဖြစ်၏။ ထို့ကြောင့် ရေအခြေအနေကို ကြည့်ရှုရန် ရေချမ်းဒကာ ဦးကြီး ဒေါ်အိုတို့ စိုက်ပျိုးခဲ့သည့် တစ်ရာ့သုံးပင် မယ်ဇယ်ပင်တန်းဘက်သို့ ထွက်ခဲ့သည်။

ခရီးနှင်လာရသော ရေအလျှဉ်တို့သည် မယ်ဇယ်ပင် အရိပ်အောက်တွင် ခေတ္တရပ်နားနေကြသည်။ မယ်ဇယ်ပင်ခြေရင်းတွင် လှိုင်းကလေးများ တေးဆိုနေကြ၍ သဲပွင့်ကလေးများ မြူးကနေကြသည်။

သာယာလှပသည့် ကမ်းရေစပ် မယ်ဇယ်ပင် အသီးသီးတွင် ချစ်မောင်နှံစုံတွဲများက ချစ်သူတို့ဘာဝ သိင်္ဂါရရသကို အပြည့်အဝ ဖော်ထုတ်ပေးနေကြသည်။

တစ်နေရာတွင် ချစ်သူနှစ်ဦး ရယ်မြူးနေကြ၏။ ချစ်သူ့ရယ်သံကို တောင်သမန် လှိုင်းကြက်ခွပ်သံနှင့် နှိုင်းခိုင်းလေမလား။

တခြားတစ်နေရာမှာ အတွဲကတော့မှု ချစ်မျက်ရည်တွေတွေကျနေကြသည်။ သူတို့၏မျက်ရည်များသည် တောင်သမန် အင်းရေထက်ပိုမိုများပြားလေမလား။

mgyoe.com

mgyoe.com


ခပ်လှမ်းလှမ်းတစ်နေရာစုံတွဲမှ မောင်တစ်ယောက်ကတော့ တောင်သမန်ရေလှိုင်းလုံးကြီးများလို တဝုန်းဝုန်းနှင့် ဒေါသလှိုင်းတံပိုး ထနေသည်။

မယ်ဇယ်ပင်များကို ပုန်းကွယ်၍ သူတို့အတွဲကို ချောင်းမြောင်းကြည့်နေသူ လူငယ်အချို့နှင့် တစ်ယောက်တစ်ခွန်း စကားများနေသည်။

လူငယ်တစ်ဦးက "ခင်ဗျားတို့အတွဲမျိုးကို မကြည့်၊ ဂျိန်းစဘွန်း ဇာတ်ကားကိုသာ ကျွန်တော်တို့ကြည့်သည်" ဟု ဆို၏။

အခြားတစ်ဦးက "ကျွန်တော်တို့က မကြည့်၊ ခင်ဗျားတို့စုံတွဲကသာ ကျွန်တော်တို့ မျက်စိထဲဝင်လာတာ" ဟု လှောင်ပြောပြောနေသည်။

သာယာသည့် ဝန်းကျင်တွင် အနိဋ္ဌာရုံတွေ မြင်ရမည်စိုးသဖြင့် သူတို့ရန်ပွဲကို ဖျန်ဖြေပေးပြီး ပြန်လှည့်ခဲ့ရသည်။

ပြန်အလှည့်တွင် လူငယ်တစ်ယောက်၏ အော်ပြောသံကို ကြားရပြန်၏။ သူ့အသံကြောင့်ပင် စာရေးသူနောက်သို့ အတွေးများကပ်၍ ပါလာတော့သည်။

လူသည် ကိုယ်တိုင်လည်း ချစ်ချင်ကြ၏။ သူတစ်ပါးချစ်ကြည်နူး ကြသည်ကိုလည်း ကြည့်ချင်ကြ၏။ ဤသို့ဖြစ်ကြခြင်းမှာ လူ့သဘာဝ တရားပဲဟု ထင်သည်။ ဤသဘာဝတရားသည် ရှေးကလည်း ရှိခဲ့ သည်။ ဤသို့ကြည့်ချင်၊ သိချင်ကြသည့် လူ့သဘာဝတရားကို ဖော် ထုတ်၍ ကျောက်တော်ကြီးဘုရား (အမရပူရ နံရံပန်းချီတွင် ပန်းချီ ဆရာက "ရေချိုးနေသည့် အပျိုကို ချောင်းကြည့်ဟန်၊ ချစ်သူ ၂ ဦး ကြည်နူးနေသည်ကို ချောင်းကြည့်ဟန်" စသည်ဖြင့် ရေးဆွဲထား ခဲ့သည်ကို တွေ့ရသည်။)

(ဤနံရံပန်းချီများကို ရန်ကုန်မြို့ စက်မှုလက်မှု ညွှန်ကြားရေး ဌာနခွဲ၊ ဒုစက်မှုလက်မှု အရာရှိ ဦးအေးမြင့်က ရေးကူးပေးသည်။)

mgyoe.com

mgyoe.com



ရေချိုးနေသူ အမျိုးသမီးများကို ချောင်းကြည့်ရန် တိုင်ပင်နေသော
(တောင်သမန်ကျောက်တော်ကြီး ဘုရား တောင်ဘက်မုခ်နံရံပန်းချီမှ)

တစ်ဖန် ဤအရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက် ဓမ္မသတ်များကိုလည်း လက်လှမ်းမီသမျှ ရှာဖွေကြည့်မိပြန်သည်။ ပထမဆုံး ကင်းဝန်မင်းကြီး၏ "အဋ္ဌသံခေပဝဏ္ဏနာ" ကျမ်းကို လှန်မိ၏။

စာရေးသူထံတွင်ရှိသော စာအုပ်သည် သက္ကရာဇ် ၁၂၄၄ ခု တပေါင်းလ ရတနာပုံနေပြည်တော် ပုံနှိပ်တိုက်က ရိုက်နှိပ်သော စာအုပ်ဖြစ်၏။ အချို့စာမျက်နှာများ ပျောက်ပျက်ကုန်သဖြင့် ထို အဆုံးအဖြတ် ဓမ္မသတ်ကို မတွေ့ရ။ ၁၂၄၅ ခု တန်ဆောင်မုန်းလ ဘဲဂါလီမေရှင်းပုံနှိပ်တိုက်၊ ရှိတ်ဂိုလဘတ်၊ ရန်ကုန်မြို့မှ ရိုက်နှိပ်သည့် ပုဂံမြို့စား၊ ဝန်ထောက်တော်မင်း ပြုစုစီရင်သော "အဋ္ဌရာသီ ဓမ္မသတ်" ကိုလည်း ကြည့်၏။ မပါ။

သို့နှင့် "မင်းသား မောင်ကျောက်လုံး၏ "ဖရုသဝါစာဓမ္မသတ်" လက်ရေးမူကို လှန်လှောကြည့်မိတော့သည်။ မောင်ကျောက်လုံးသည် ဝန်ကြီးတစ်ဦးဖြစ်၏။ အိမ်တော်ရာဘုရား အနောက်ဘက် မိချောင်း တံတားကို ဆောက်လုပ်သူဒကာလည်း ဖြစ်၏။ သူနှင့်ပတ်သက်

mgyoe.com

mgyoe.com






ချစ်သူစုံတွဲကို ချောင်းကြည့်နေဟန် (ကျောက်တော်ကြီးဘုရား တောင်ဘက်မှခံနံရံပန်းချီမှ)

သော ပုံပြင်၊ စာတိုပေစများ မြန်မာစာပေတွင် အများအပြားရှိသည်။ ယခု သူရေးသည့်ဓမ္မသတ်သည်လည်း နာမည်နှင့်လိုက်အောင် စကား လုံးကြမ်းတမ်းသည်။ ပုံနှိပ်စာလုံးနှင့် ပုံမနှိပ်ရဲအောင်ပင် ဖြစ်သည်။

သို့သော် သူ့ဓမ္မသတ်ထဲတွင်မှ ဤချောင်းကြည့်သူ အဆုံး အဖြတ်က ပါနေသဖြင့် ကြမ်းတမ်းသော စကားလုံးများကို ချန်လှပ်၍ လိုရင်းအပိုဒ်ကိုသာ ထုတ်ပြရပေသည်။

မောင်ကျောက်လုံး၏ "ဖရသဝါစာ ဓမ္မသတ်" ထဲတွင်–

"တရားတစ်ပုံ၊တစ်နည်းခုံပိမ့်၊ နှစ်စုံမိတ်ဖက်၊ ရောယှက်ကာလ၊ ရှိကြတုန်းတွင်၊ တစ်ဦးမြင်မူ၊ ခုံမင်ချောင်းမြောင်း၊ ကြည့်မိလျောင်း သော်လည်းကောင်း သူက ကြည့်ရမည်လော၊ ဒေါသဓောနှင့်၊ အကျော သထ၊ ဆဲရေးကလည်း၊ ပြစ်မှလွတ်စေ၊ ကြည့်ပေသည်သာ" ဟု ပါရှိ လေသည်။

ဤဓမ္မသတ်အရ ဆုံးဖြတ်ရလျှင် မယ်ဇယ်ပင်အောက်မှာ တွေ့ခဲ့ရသည့် စုံတွဲများကို ချောင်းကြည့်သူ လူငယ်တစ်စုသည် အပြစ် မှ လွတ်နေပေသည်။

mgyoe.com

mgyoe.com



သစ်ပင်အောက်မှ စုံတွဲ (တောင်သမန်ကျောက်တော်ကြီးဘုရား တောင်ဘက်မုခ်နံရံပန်းချီမှ)

မမှုသတ်ပေါင်းစုံ၊ အတွေးပေါင်းစုံနှင့် ချာချာလည်နေသော စာရေးသူ၏နားထဲသို့ မယ်ဇယ်ပင်တန်းမှ ပြန်အလှည့်တွင် နောက်ဆုံး အော်ပြောလိုက်သော လူငယ်တစ်ဦး၏အသံသည် တစ်ဖန် ပြန်၍ ဝင်လာသည်။ သူ့အသံကတော့...

"ကြည့်သောသူမလွန်ပါ" တဲ့...

ဟံသာဝတီ၊ ၁၃–၈–၇၂။

❒

mgyoe.com

mgyoe.com

## ဆောင်းညတောင်သမန်

ဆီးနှင်းပြိုက်ကျ
ချမ်းဆောင်းလ၊

မွေးမြ အေးမြ
တောင်သမန်ည၊

လရည်မှုန်ရိပ်
မှေးမှိတ်မှိတ်၊

နှင်းစက်ပြောက်ပြောက်
တ ဖျောက်ဖျောက်...

တံတားအို
မှောင်ခိုလျှောက်
ပတ္တလားသံပေါက်။ ။

ကလျာ၊ မတ်၊ ၁၉၉၃။

□

mgyoe.com

mgyoe.com

# ရွှေအိုရောင်စိန်ရတု ပိတောက်တစ်ခက်

သရဖီနှင့် ပိတောက်သည် ရှေ့ဆင့်နောက်ဆင့် ပွင့်တတ်ကြ၏။ သရဖီပွင့်ချိန်က ဆောင်းနှောင်းကာလ၊ ရွက်ဝါကြွေစ၊ နွေ၏နိဒါန်း အစ စကာလ။

သရဖီက လှ၏။ မွှေး၏။

ပိတောက်ပွင့်ချိန်က နွေဦးကာလ၊ သင်္ကြန်ကာလ၊ မိုးနှင့် ပိတောက်က အဝင်အထွက် မိတ်ဖက်များဖြစ်ကြ၏။ နွေဦးလေနှင့် အတူ လွင့်မျောလာသည့် မုတ်သုံမိုးရနံ့ကလေး သင်းလာပြီဆိုလျှင် ပန်းပိတောက်က ပွင့်တော့၏။

ပန်းပိတောက်လည်း လှ၏။ မွှေး၏။ ယခုသည်နှစ်နွေဦးတွင်မူ မမွှေးသော ပိတောက်ကို တွေ့ရလေ၏။ သည်နှစ်မတ်လ နောက်ဆုံး ပတ်တွင် လေဖိရပ်ဝန်းလေးတစ်ခု ဖြစ်ပေါ်လာ၏။ ပိုမိုအားကောင်း သော မုန်တိုင်းအဖြစ် ရောက်ရှိလာသည်။ မြန်မာပြည်တွင် (၁၈) နှစ် အတွင်း မဖြစ်စဖူး မုန်တိုင်းမိုးဦး ရွာသွန်းလိုက်လေသည်။ လူးလွန့်စ အပူရှိန်များကျဆင်း၍ ဆောင်းကာလအလား ချမ်းအေး သွားပေသည်။

mgyoe.com

mgyoe.com


တပေါင်းဆန်းစကာလ၊ နံနက်ခင်းက မှုန်ပျပျ၊ မိုးကလေး အုံ့နေ၏။ မိုးနှင့်အတူ ပိတောက်အချို့ ပွင့်ကုန်ကြ၏။ ပိတောက် တစ်ခက် လက်ဆောင်ရသည်။ အနံ့မရှိ။ နမ်းကြည့်၏။ မမွေး။ ထပ်၍ နမ်းကြည့်၏။ လုံးဝ မမွေး။ ဟိုအရင်နှစ်များက သည်လို ပိတောက် တစ်ခက်ရပြီဆိုလျှင် တစ်ခန်းလုံး မွှေးမြသွားခဲ့၏။ ယခု မမွှေးသော ပိတောက်ကို တွေ့ရသဖြင့် ပန်းပိတောက် သစ္စာဖောက်သွားပြီလော ဟု ရင်ထဲမှာ နာကျင်စွာ ခံစားလိုက်ရသည်။ ရင်တော့ မခုန်မိ။

စိတ်ကူးတော့ ယဉ်ကြည့်လိုက်မိ၏။ သည်မမွှေးသော ပိတောက် တစ်ခက်ကို လူပျိုကြီး ကဗျာဆရာအား ပေးလိုက်မိလျှင် အချစ်မှုးရူးစွာ မစဉ်းစား မဆင်ခြင်ဘဲ မေတ္တာပန်းလက်ဆောင် သွားပေးမှုဖြင့် ကဗျာ ဆရာလူပျိုကြီးအတွက် စိတ်ရတက်မအေး စိတ်ကူးထဲတွင် ဖြစ်လိုက် မိသေးပေသည်။

အကြိမ်ကြိမ် အထပ်ထပ်နမ်းကြည့်၍ မမွှေးသောပိတောက်ကို လည်း ပစ်ချထားလိုက်မိ၏။ စိတ်မကောင်းလည်းဖြစ်မိ၏။ ပိတောက် ကြောက် ရောဂါလည်း စွဲကပ်သွား၏။

* * *

တစ်ပတ်ခန့် ကြာသွား၏။

အပူရှိန် ပြန်တက်လာသည်။ မမွှေးသည့် ပိတောက်ကို တသသ ခံပြင်းနေသည်။ ဧပြီ (၉) ရက်နေ့တွင် မန္တလေးမှ သတင်းကောင်းပါ လာ၏။ (၁၀) ရက်နေ့တွင် ဆရာ ဒဂုန်တာရာတို့ တောင်သမန်ကို လာကြမည်။ လူထုမိခင်ကြီးဆီ ဖုန်းဆက်သည်ဟု ကြားသိရ၏။

ဆရာတာရာကို မျှော်နေခဲ့သည်မှာ ကြာပေပြီ။ မိုးမိုး (အင်းလျား) တစ်နှစ်မြောက်ပွဲမှာ တွေ့စဉ်ကတည်းက ဆရာလာမည် ပြောခဲ့၏။ ယခု မိုးမိုး လေးနှစ်မြောက်အချိန်ရောက်မှ ဆရာတာရာ တောင်သမန် သို့ ရောက်လာပေတော့သည်။

mgyoe.com

mgyoe.com


ဆရာ့ကို မန္တလေးမှ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ စသည့် အနုပညာသည် လူငယ်များက ကြိုဆိုကြ၏။ လူထုတိုက်မှာ ခဏနားပြီး (၁၀) ရက်နေ့ နေ့လယ် နေပူကျဲကျဲကြီးတွင် ကား (၂) စီးနှင့် တောင်သမန်သို့ လိုက်ပို့ကြပေသည်။ လူကြီးပိုင်းမှ လူထု မောင်သစ်လွင်၊ မောင်သာနိုး၊ ကြည်အောင်တို့ ပါလာကြ၏။ ရောက်လျှင်ရောက်ချင်း စာပေနှင့် အနုပညာ လူငယ်များက ဧပြီ (၁၂) ရက်နေ့တွင် ဆရာတာရာ ဂါရဝပြုပွဲကျင်းပဖို့ ဆုံးဖြတ်လိုက်ကြသည်။

သူတို့ ပြန်သွားမှပင် ဆရာတာရာတို့ကို တမာရိပ်အောက်ကကျောင်းဆောင်မှာ နေရာချထားရ၏။ ဆရာသည် အေးဆေးလွတ်လပ်သည့်နေရာကို သဘောကျနေ၏။ 'တမာရနံ့ သင်းပျံ့၏' ဟုဆို၏။ တမာပန်းခက်ကလေးများ အိပ်ရာပေါ်မှာ ရောက်နေကြ၏။ တောင်သမန်ရနံ့၊ တောင်သမန်အသံ၊ တောင်သမန်ဟန်တို့ကို ရောက်ရောက်ချင်း ဆရာ ခန့်မှန်းလိုက်ပေသည်။

ည ဆရာနှင့် ဆွေးနွေးမိ၏။ ဆရာ၏ 'မေ' ဝတ္ထုထဲက လေနုအေး၊ ရွှေအိုရောင်တို့ကို မေးမြန်းမိ၏။ အထူးသဖြင့် ရွှေအိုရောင်စကားလုံးအသစ်ကို မေးမြန်းမိသည်။ ထိုညသည် ရွှေအိုရောင်ည ဖြစ်သွား၏။

ထို့နောက် ပိတောက်ပန်းကို ဆွေးနွေးမိကြ၏။ မမွှေးသည့်ပိတောက်ပန်းရှိကြောင်း ပြောပြသောအခါ ဆရာအံ့သြသွား၏။ ပိတောက်နှင့် ခံစားချက်၊ နီရူဒါချစ်သည့် မြန်မာ့ပိတောက်ပန်း၊ ပိတောက်နှင့် ရင်ခုန်သံတို့ကို ပြောဖြစ်ကြသည်။ ဆရာဖွဲ့နွဲ့ခဲ့သည့် 'ပိတောက်ဦး'၊ 'တောပိတောက်' ကဗျာနှစ်ပုဒ်ကို ဆရာက ညွှန်၏။

၁၉၉၄ ဧပြီ ၁၂ ရက်နေ့တွင် ကဗျာဆရာကြီး ဒဂုန်တာရာကို ဂါရဝပြုပွဲ ကျင်းပကြ၏။ မန္တလေးမှ လူငယ်စာရေးဆရာ၊ စာရေးဆရာမကလေးများနှင့် လူငယ်အနုပညာရှင်များက ရွှေချည်ထိုး အနု

mgyoe.com

mgyoe.com


လက်ရာ ပန်းချီကားများနှင့် ကန်တော့ကြ၏။ စာပေဆွေးနွေးကြ၏။ "ဒဂုန်တာရာ ၇၅ နှစ် စိန်ရတုအကြို ဂါရဝပြုပွဲ" ဟု ကင်ပွန်းတပ်ကြ၏။

သကြ်န်အကြိုနေ့ နံနက်ခင်း လေနုအေးက နေ့ခနေ၏။ ပိတောက်ပန်းနံ့ သင်းပျံ့ပျံ့က တစ်ခန်းလုံး လှိုင်နေသည်။ ပန်း ပိတောက် သစ္စာမဖောက်ပါလားဟု ဝမ်းသာသွား၏။ ပိတောက်ခက် ကြီးကြီးတစ်ခက်ကို ပိတောက်ချစ်သူ ဆရာတာရာ့ဆီ ပြေး၍ လက်ဆောင်ပေးလိုက်၏။

အေးမြမြ နံနက်ခင်းတွင် ပိတောက်ဆွေးနွေးပွဲလေး စ, ဖြစ်သွားကြပြန်၏။ ပိတောက်ပန်းကို လှ၏။ မွှေး၏ လောက်သာ ခံစားနိုင်၏။ ပိတောက်နှင့် ရင်ခုန်စရာမရှိ၍ ခံစားမှု သိပ်မရှိခဲ့ဟု ပြောမိလိုက်၏။

ဆရာက ခံစားပါ။ သူလည်း ရင်ခုန်စရာ မရှိခဲ့ပါဘူး။ သို့ပေမဲ့ ခံစားလို့ရ၏။ ခံစားမှုနှင့် ဖွဲ့နွဲ့ခဲ့၏ဟု ဆိုပေသည်။

ထို့နောက် တောင်သမန် ပိတောက်ခက်ကို တရှိုက်မက်မက်၊ မြတ်မြတ်နိုးနိုး၊ ယုယုယယ၊ သေသေချာချာကိုင်၍ ကြည့်နေသည်။

"အရောင်ကလေး နည်းနည်း ဖျော့တယ်နော်" တဲ့။ ကဗျာဆရာကြီး၏ မျက်နှာသည် ပိတောက်နှင့်အတူ ဝင်းပနေလေသည်။

ကလျာ၊ ဇူလိုင်၊ ၁၉၉၄။

❒

mgyoe.com

mgyoe.com

## သမုဒ္ဒရာ ဝမ်းနှစ်ထွာ

စက္ကန့်ပေါင်းများစွာ
မိနစ်ပေါင်းများစွာ
နာရီပေါင်းများစွာ
တောင်သမန်အင်းထဲမှာ...

တစ်ကောင်မိ
နှစ်ကောင်မိ
ငါးကလေးတွေ သူမိ...

သုတ်တံရှင်
သေချာကြည့်မိ
နေ့စည့် လာစည့်
(နေ့ – စေ့ – လ – ဇစ့်)။ ။

[illegible] ဇန်နဝါရီ၊ ၁၉၉၇

mgyoe.com

mgyoe.com

## မြန်မာ့ဒုံးချင်း မြန်မာ့ဒုံးအက

မြန်မာစာပေကဗျာဂီတတို့တွင် ကာချင်း၊ သာချင်း၊ အဲချင်း၊ အိုင်ချင်းစသဖြင့် အချင်းစုံဟူ၍ရှိလေသည်။ ထိုအချင်းစုံထဲတွင် ဒုံးချင်းလည်း ပါဝင်လေသည်။

ဒုံးချင်းသည် ဆို၊ တီး၊ က၍ရသော အချင်းဖြစ်သည်။ သို့သော်လည်း အလွမ်း၊ အနု၊ အယဉ်က၍ရသော အချင်းမဟုတ်ပေ၊ လှောင်ပြောင်သရော်၍ ဟာသသရုပ်ဖော်ကရသော အချင်းသာဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ရယ်စရာ အရုပ်ကြီးများလုပ်ကာ သီဆိုတီး၊ မှုတ်ကပြရသည်။ ထို့ကြောင့် "ဖိုးသူတော်ရုပ်ဒုံးချင်း၊ တောင်သူကြီးရုပ် ဒုံးချင်း၊ အဘိုးကြီးရုပ်ဒုံးချင်း" ဟူ၍ ပေါ်ပေါက်ခဲ့သည် ထိုဒုံးချင်းပေါ်ပေါက်ခဲ့သည်မှာလည်း ကုန်းဘောင်ခေတ် ဒုတိယပိုင်းလောက်မှ စတင်ခဲ့သည်။

အင်းဝမြို့ ဘကြီးတော်ဘုရားလက်လက် တပေါင်းလ၌ ကျင်းပသော အောင်မြေလောက ဘုရားပွဲတော်တွင် ဖိုးသူတော်ဦးမင်းသည် "တောင်သူကြီးရုပ်ဒုံးချင်း" ကို စတင်ရေးခဲ့သည်။ ထိုဒုံးချင်းကို ပြန်လည်ချေပသည့်အနေနှင့် အင်းဝမြို့ ဆေးသမားရုပ်နေ တောင်သူ

mgyoe.com